NLTA
Nyan Lynn Thit Analytica

# လူမျိုးရေး၊ဘာသာရေး
# အစွန်းရောက်မှုတို့၏
# ကောက်ကြောင်းများ



# လူမျိုးရေး၊ ဘာသာရေး
# အစွန်းရောက်မှုတို့၏
# ကောက်ကြောင်းများ

NLTA
Nyan Lynn Thit Analytica
Vol.1, No.2, December 2022

# မာတိကာ


အမှာစာ ၃
သုတေသနနည်းလမ်း ၄

၁ နောက်ခံအကြောင်းအရင်း ၅
၂ အမျိုးသားရေးအစွန်းရောက်အင်အားစုများ၏ ဝါဒဖြန့်ချိမှုပုံစံများ ၆
၂.၁ ဗုဒ္ဓဘာသာကွယ်ပျောက်သွားနိုင်မည့် အန္တရာယ်အား ပုံဖော်ပြောဆိုခြင်း ၇
၂.၂ ခရစ်ယာန်ဘာသာကိုးကွယ်သူများအပေါ် ပုံဖော်တိုက်ခိုက်ခြင်း ၈
၂.၃ အစ္စလာမ်ဘာသာကိုးကွယ်သူများအပေါ် ပုံဖော်တိုက်ခိုက်ခြင်း ၁၀
၂.၄ ရိုဟင်ဂျာလူမျိုးစုအပေါ် ပုံဖော်တိုက်ခိုက်ခြင်း ၁၃
၂.၅ နွေဦးတော်လှန်ရေးအင်အားစုများအပေါ် ပုံဖော်တိုက်ခိုက်ခြင်း ၁၇
၂.၆ စစ်အုပ်စုအား တွန်းတင်ပုံဖော်ခြင်း ၂၀
၃ အမျိုးသားရေးအစွန်းရောက်အင်အားစုများ၏ လက်ရှိနိုင်ငံရေးအခင်းအကျင်းတွင် လက်တွေ့ပါဝင်လုပ်ဆောင်နေမှုများ ၂၃
၃.၁ စစ်တပ်ထောက်ခံပွဲများ၊ တော်လှန်ရေးအင်အားစုကို ဆန့်ကျင်ရှုတ်ချပွဲများနှင့် တဦးချင်းဝါဒဖြန့်မှုများ ၂၃
၃.၂ ပညာရေးနယ်ပယ်သို့ ချဲ့ထွင်ရန် ကြိုးပမ်းခြင်း ၂၅
၃.၃ နိုင်ငံရေးပါတီများ ၂၆
၃.၄ စစ်တပ်ထောက်ခံသော သတင်းမီဒီယာများ ၂၈
၃.၅ ပြည်သူ့စစ်များဖွဲ့စည်းလာခြင်း ၂၉
၄ စစ်ကောင်စီနှင့် အမျိုးသားရေးအစွန်းရောက်တို့၏ ဝိရောဓိများ ၃၂
၅ အမျိုးသားရေးအစွန်းရောက်များ၏ လှုပ်ရှားမှုများအပေါ် သုံးသပ်ချက် ၃၃
၆ အစွန်းရောက်ဝါဒနှင့် ပုန်းကွယ်နေသည့် ဂျီနိုဆိုက် ၃၅
၇ အကြံပြုချက် ၃၈
၈ ရည်ညွှန်းအကိုးအကား ၄၁

# အမှာစာ

အမျိုးသားရေးနှင့် ဘာသာရေးအစွန်းရောက်များသည် အခြားလူမျိုးစုများနှင့် ဘာသာဝင်များကြောင့် ဗုဒ္ဓဘာသာပျက်စီးနေသယောင်၊ ဗမာလူမျိုးပျောက်ကွယ်နိုင်သယောင် သတင်းမှားများကို ကျယ်ကျယ်ပြန့်ပြန့် ဝါဒဖြန့်ချိနေကြောင်းတွေ့ရှိရပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) အာဏာရစဉ်က ဗုဒ္ဓဘာသာညှိုးနွမ်းခဲ့သည်ဟု အစချီ၍ ခရစ်ယာန်ဘာသာကိုးကွယ်သူများ၊ ရိုဟင်ဂျာလူမျိုးစု၊ အစ္စလာမ်ဘာသာဝင်များ၏ ဖြစ်တည်မှုကို ဖိနှိပ်ခေါ်ဝေါ်ကာ သတင်းအမှားနှင့် အမုန်းစကားများ အဆင့်ဆင့်ဖြန့်ဝေနေပုံကို ဤစာတမ်းတွင် ထည့်သွင်းရေးသားထားပါသည်။ နွေဦးတော်လှန်ရေးကာလတွင် စစ်တပ်နှင့် ၎င်း၏အသိုက်အဝန်းကို ဗုဒ္ဓဘာသာ၊ ဗမာလူမျိုးနှင့် မြန်မာနိုင်ငံကို ကာကွယ်စောင့်ရှောက်နေသည့် အဖွဲ့အစည်းအဖြစ် သတ်မှတ်၍ တော်လှန်ရေးအင်အားစုများကို ပြည်ဖျက်များ၊ ဗုဒ္ဓဘာသာကို စော်ကားနေသူများအဖြစ် အမျိုးသားရေးအစွန်းရောက်များ၏ ပုံဖော်ဝါဒဖြန့်ချိမှုကို ယခုစာတမ်းတွင် ဖတ်ရှုနိုင်ပါသည်။ ထို့ပြင် အမျိုးသားရေး၊ ဘာသာရေးအစွန်းရောက်များမှ နိုင်ငံရေးပါတီ၊ ပညာရေးနယ်ပယ်၊ သတင်းမီဒီယာ၊ လက်နက်ကိုင်အင်အားစုများအဖြစ် လတ်တလောအခင်းအကျင်းတွင် ပြောင်းလဲပါဝင်လာနေပုံများနှင့် အမျိုးသားရေးအစွန်းရောက်ခြင်းကို နိုင်ငံရေးလက်နက်သဖွယ် အသုံးပြုလာမှုများကိုလည်း ပြုစုရေးသားထားပါသည်။

ခေတ်အဆက်ဆက်ဖြစ်ပေါ်ခဲ့သော လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများ တကျော့ပြန်မလည်စေရန်နှင့် ကျူးလွန်ခံခဲ့ရသော သက်ဆိုင်ရာအစုအဖွဲ့များအပေါ် တရားမျှတမှုရှာဖွေခြင်း၊ အကာအကွယ်ပေးခြင်းများကို လူထုသာမက နိုင်ငံရေးတွင် ပါဝင်လုပ်ဆောင်နေသော အစုအဖွဲ့အသီးသီးမှ ထိရောက်လုံလောက်စွာ အလျင်အမြန်လုပ်ဆောင်ရမည်ဖြစ်သည်။ လူမျိုးကြီး၊ ဘာသာကြီးဝါဒကို တွန်းအားပေးသော ဖိနှိပ်မှုများကို ဥပဒေကြောင်းရသော်လည်းကောင်း၊ လူ့အသိုက်အဝန်းတခုလုံး၏ ယဉ်ကျေးမှုနှင့် အတွေးအခေါ်ပြောင်းလဲခြင်းအားဖြင့်သော်လည်းကောင်း အဆင့်ဆင့်ပြင်ဆင် လုပ်ဆောင်ရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ လူမျိုးရေး၊ ဘာသာရေး အစွန်းရောက်ခြင်းကို နိုင်ငံတော်အဆင့်အနေဖြင့် ထပ်မံမကျူးလွန်နိုင်စေရန် နွေဦးတော်လှန်ရေးကာလတွင် နိုင်ငံရေးအရ ရပ်တည်ဦးဆောင်နေသော သက်ဆိုင်ရာအဖွဲ့များအနေဖြင့် ဥပဒေကြောင်းအရ လုပ်ဆောင်နိုင်သည့် နည်းလမ်းများကိုလည်း ဆွေးနွေးတင်ပြထားပါသည်။

နွေဦးတော်လှန်ရေးနှင့် တော်လှန်ရေးအလွန်ကာလတွင် လူတဦးချင်း၏ ဖြစ်တည်မှုနှင့် ယုံကြည်မှုများကို ခွဲခြားဆက်ဆံခြင်း၊ ဖိနှိပ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ တိုက်ခိုက်ဖျက်ဆီးခြင်းများ လျော့ပါးစေရန်၊ ယင်းတို့ကို ဖြစ်ပွားစေသော အစပျိုးမှုများကို ကြိုတင်သတိထားနိုင်ရန်၊ မတူကွဲပြားမှုများကို တန်ဖိုးထားလေးစားပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်သော လူ့အသိုက်အဝန်းတခုဖြစ်ပေါ်စေရန် ရည်မှန်း၍ ဤစာတမ်းကို ရေးသားခြင်းဖြစ်ပါသည်။

# သုတေသနနည်းလမ်း

ဉာဏ်လင်းသစ်သုတေသနအဖွဲ့မှ စောင့်ကြည့်မှတ်တမ်းတင်ထားသည့် အမျိုးသားရေး အစွန်းရောက်အင်အားစုများ၏ လှုပ်ရှားမှုများ၊ ၎င်းတို့၏ လူမှုကွန်ယက်စာမျက်နှာများ တွင် ဖော်ပြသည့် လှုံ့ဆော်ရေးသားမှုများကိုအခြေခံ၍ အရည်အသွေးအခြေပြုသုတေသန နည်းလမ်းဖြင့် ဤစာတမ်းကို ပြုစုရေးသားထားပါသည်။ ထိုသို့ သရုပ်ခွဲလေ့လာရာတွင် အမျိုးသားရေးအင်အားစုများ၏ ဝါဒဖြန့်ချိမှုပုံစံများနှင့် လက်တွေ့ပါဝင်လုပ်ဆောင်နေမှု များအဖြစ် ခွဲခြမ်းဖော်ပြသွားမည်ဖြစ်ပါသည်။

# ၁ နောက်ခံအကြောင်းအရင်း

မြန်မာစစ်တပ်သည် ၎င်းတို့နှင့် ၎င်းတို့၏ အကျိုးစီးပွားများကို ဆန့်ကျင်သော လူထုကို အာရုံလွှဲရန်အတွက် လူမျိုးရေး၊ ဘာသာရေး ဝါဒဖြန့်ချိမှုများကို ခေတ်အဆက်ဆက် လုပ်ဆောင်ခဲ့သည်။ စစ်တပ်သည် ဗုဒ္ဓဘာသာ၊ ဗမာလူမျိုးစုနှင့် မြန်မာနိုင်ငံကို မတူညီသော လူမျိုးစုများနှင့် အခြားဘာသာကိုးကွယ်သူများက တိုက်ခိုက်ဖျက်ဆီးမည့် အန္တရာယ်မှ ကာကွယ်ပေးနေသည့် အဖွဲ့အစည်းအဖြစ် ၎င်းတို့ကိုယ်တိုင် သမိုင်းတလျောက်တွင် ဖန်တီးပုံဖော်ခဲ့သည်။ စစ်တပ်က ကျောထောက်နောက်ခံပြုထားသော အမျိုးသားရေး အစွန်းရောက်အင်အားစုကလည်း စစ်တပ်၏ နိုင်ငံရေးတွင်ပါဝင်နေမှုအား လက်မခံသူများကို လူမျိုး၊ ဘာသာသာသနာနှင့် တိုင်းပြည်အား ဖျက်ဆီးသူများအဖြစ် ပုံဖော်ပြီး စစ်တပ်အနေဖြင့် နိုင်ငံရေးတွင် ပါဝင်ကာ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်ကြောင်း ပြောဆိုလေ့ရှိသည်။ လက်ရှိမြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် စစ်တပ်ကျောထောက်နောက်ခံ အမျိုးသားရေးအစွန်းရောက်အင်အားစုများ အထင်အရှားပါဝင်လျက်ရှိပြီး ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများနှင့် ဦးတည်ချက်လားရာများကို သိရှိရန် အရေးကြီးပါသည်။

၂၀၂၀ ရွေးကောက်ပွဲအပြီးတွင် USDP (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ – Union Solidarity and Development Party) မှ ရွေးကောက်ပွဲရလဒ်ကို ပြန်လည်စိစစ်ပေးရန်၊ စစ်တပ်နှင့် ရွေးကောက်ပွဲကော်မရှင်ပူးပေါင်း၍ ရွေးကောက်ပွဲပြန်လည်ကျင်းပပေးရန် သတင်းစာရှင်းလင်းပွဲများ ဆက်တိုက်ပြုလုပ်၍ တောင်းဆိုခဲ့သည်။ စစ်တပ်ကလည်း ရွေးကောက်ပွဲရလဒ်များကို စုံစမ်းစစ်ဆေးရန် ကျယ်ပြန့်စွာ ပြောဆိုလုပ်ဆောင်ခဲ့သည်။ တချိန်တည်းတွင် အမျိုးသားရေးအစွန်းရောက်အင်အားစုမှ ဦးဆောင်ပြုလုပ်သော ရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲရလဒ်ကို ဆန့်ကျင်ပွဲများ၊ စစ်တပ်ထောက်ခံပွဲများသည်လည်း နိုင်ငံအနှံ့တွင် ဆက်တိုက်ပေါ်ပေါက်လာခဲ့သည်။ နောက်ဆုံးတွင် စစ်တပ်မှ အာဏာသိမ်းယူခဲ့ပြီး အာဏာသိမ်းစစ်တပ်လက်အောက်တွင် အမျိုးသားရေးအစွန်းရောက်အင်အားစုများအပေါ် စစ်တပ်၏ အသိအမှတ်ပြုမှုမှာ တရားဝင်ပိုမိုမြင့်တက်လာခဲ့ကာ ၎င်းတို့၏ အခန်းကဏ္ဍနှင့် လှုပ်ရှားမှုများမှာလည်း ယခင်ထက် ပိုမိုကျယ်ပြန့်လာခဲ့သည်။



# ၂ အမျိုးသားရေးအစွန်းရောက် အင်အားစုများ၏ ဝါဒဖြန့်ချိမှုပုံစံများ

အမျိုးသားရေးအစွန်းရောက်အင်အားစုများအနေဖြင့် ဗမာလူမျိုးကြီးဝါဒနှင့် ဗုဒ္ဓဘာသာအစွန်းရောက်အတွေးအခေါ်ဖြန့်ချိမှုများကိုအစဉ်တစိုက်လုပ်ဆောင်ခဲ့ကြပြီးစစ်အာဏာသိမ်းပြီးနောက်တွင်လည်းလက်ရှိနိုင်ငံရေးအခင်းအကျင်းများနှင့် ချိတ်ဆက်ပုံဖော်မှုများကို ပြုလုပ်ခဲ့ကြသည်။ သတင်းမှား၊ သတင်းတုများဖန်တီး၍ လူမျိုးရေး၊ ဘာသာရေးကို အခြေခံသည့် အစွန်းရောက်အတွေးအခေါ်အယူအဆများအား ဖြန့်ချိခြင်းတို့ကို ပြုလုပ်ခဲ့ကြပါသည်။ ထိုသို့ ဝါဒဖြန့်ရာတွင် Facebook, Telegram တို့ကဲ့သို့သော လူမှုကွန်ယက်များကို အသုံးပြုသကဲ့သို့ ဒေသဆိုင်ရာအမျိုးသားရေးအစွန်းရောက်သံဃာများမှ မြေပြင်တွင်တိုက်ရိုက်ထိတွေ့ဖြန့်ချိခဲ့သည်ကိုလည်း တွေ့ရပါသည်။ စစ်အာဏာသိမ်းပြီးနောက် ပေါ်ပေါက်ခဲ့သည့် သတင်းမီဒီယာလေဟာနယ်အတွင်းသို့ အမျိုးသားရေးအစွန်းရောက်အင်အားစုများက အစားထိုးဝင်ရောက်လာကြပြီး အာဏာသိမ်းစစ်တပ်၏ သတင်းစာရှင်းလင်းပွဲများသို့တက်ရောက်ခြင်း၊နေ့စဉ်သတင်းတင်ဆက်ခြင်း၊ စစ်တပ်ဆန့်ကျင်သည့် သတင်းမီဒီယာများအား ရှုတ်ချပုံဖျက်ခြင်း စသည်တို့ကို လုပ်ဆောင်ခဲ့ကြပါသည်။ ထို့ကြောင့် အမျိုးသားရေးအစွန်းရောက်အင်အားစု၏ ဝါဒဖြန့်ပုံဖော်မှုပုံစံများကို သိရှိလေ့လာထားနိုင်ရန် အရေးကြီးပါသည်။


## ၂.၁ ဗုဒ္ဓဘာသာကွယ်ပျောက်သွားနိုင်မည့် အန္တရာယ်အား ပုံဖော်ပြောဆိုခြင်း

အမျိုးသားရေးအစွန်းရောက်များသည် အခြားဘာသာများ၊ လူမျိုးများ၏ ပယောဂကြောင့် ဗမာလူမျိုးနှင့် ဗုဒ္ဓဘာသာ ကွယ်ပျောက်သွားနိုင်ကြောင်းကို အစဉ်အမြဲ ဝါဒဖြန့်ကာ ဗုဒ္ဓဘာသာကိုးကွယ်သူအများစုဖြစ်သည့် ဗမာလူထုအကြား လူမျိုးခြား၊ ဘာသာခြား ကြောက်စိတ်ဝင်စေရန် အစဉ်တစိုက်လုပ်ဆောင်ခဲ့ကြပါသည်။ လက်ရှိနွေဦးတော်လှန်ရေး ကာလတွင်လည်း ထိုအကြောက်တရားနှင့် မုန်းတီးစိတ်ကို နှိုးဆွသည့် ပုံဖော်ရေးသားမှုများကို ပိုမိုပြုလုပ်လာကြသည်ကို တွေ့ရှိရပါသည်။




ဗုဒ္ဓဘာသာကွယ်ပျောက်သွားနိုင်မည့် အန္တရာယ်ကို ပုံဖော်ပြောဆိုပုံ

NLD (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် – National League for Democracy) အစိုးရလက်ထက်တွင်ဗုဒ္ဓဘာသာကိုကာကွယ်မပေးနိုင်ခဲ့ဘဲဗုဒ္ဓဘာသာ၏ ပုံရိပ်ကျဆင်းကာ အစော်ကားခံဘာသာတခုဖြစ်ခဲ့ရသည်ဟူ၍ ပြောဆိုရေးသားလေ့ရှိသည်။ NLD လက်ထက် အစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များတွင် ခရစ်ယာန်ဘာသာဝင်များ ပါဝင်ခဲ့ကြောင်းနှင့် ၂၀၂၀ ရွေးကောက်ပွဲတွင် NLD ပါတီမှ အစ္စလာမ်ဘာသာဝင်အမတ်များ ဝင်ရောက်အရွေးခံအနိုင်ရရှိခဲ့သည့် အချက်များအား အသုံးချ၍ အနာဂတ်တွင် လူမျိုးခြား၊ ဘာသာခြားတို့ ဦးဆောင်သည့် အစိုးရလက်အောက်တွင် ဗုဒ္ဓဘာသာကွယ်ပျောက်သွားနိုင်ကြောင်းကိုလည်း ပြောဆိုရေးသားလေ့ရှိပါသည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် OIC (အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ – Organization of Islamic Cooperation) တို့အကြား သဘောတူညီထားချက်များရှိကြောင်းဇာတ်လမ်းအတုများ၊သတင်းမှားများ ဖန်တီးပုံဖော်ကြပါသည်။





ဗုဒ္ဓဘာသာကွယ်ပျောက်သွားနိုင်မည့်
အန္တရာယ်ကို ပုံဖော်ပြောဆိုပုံ


Sitt Kell Gyi (သတင်းတမာန်)
မြန်မာ့မြေပေါ်ကို အစ္စလမ်မစ်အစွန်းရောက် IS တွေခြေချနေပြီ

ကရင်ပြည်နယ်မှာ ဒေါ်စုကြည်ရဲ့အစီစဉ်နဲ့ KNU လက်အောက်ခံ မွတ်ဆလင်တပ်ရင်းရှိနေပြီဆိုတာကို ကျွန်တော်အကျယ်တဝင့်တင်ပြပြီးပါပြီ။ အခုအဲ့ဒီတပ်ရင်းမှာဘဲ PDF တွေကို အမေရိကန်ရဲ့ကူညီဆောင်ရွက်မှုနဲ့ ထိုင်းနိုင်ငံကတဆင့် IS စစ်သွေးကြွတွေက စစ်ပညာနဲ့ ဝါဒရေးရာတွေကို သင်ပေးနေကြပါတယ်။

PDF ဟာ NLD ထောက်ခံသူ ရိုးရိုး GZ လေးတွေမဟုတ်တော့ပါဘူး။ ကမ္ဘာ့အကြမ်းဖက်အဖွဲ့ IS တွေရဲ့တပည့်တွေဖြစ်နေပါပြီ။ ဗုဒ္ဓဘာသာကိုဝါးမြိုဖျက်စီးမယ့် မွတ်လင်တွေရဲ့ လက်ကိုင်ဒုတ်တွေဖြစ်လာတာကြောင့် မြန်မာပြည်မှာရှိတဲ့ ဗုဒ္ဓဘာသာဝင် တိုင်းက PDF ကိုကောင်းကောင်းကြီး ဆန့်ကျင်ပညာပေးကြဖို့လိုနေပါပြီခင်ဗျာ
။
168 သတင်း တမာန်, 11:04 AM




*ဗုဒ္ဓဘာသာကွယ်ပျောက်သွားနိုင်မည့်*
*အန္တရာယ်ကို ပုံဖော်ပြောဆိုပုံ*

ဘာသာခြား ပြည်ပနိုင်ငံကြီး တချို့က ဗုဒ္ဓဘာသာမြန်မာပြည်ကြီးအလုံးစုံပျက်သုန်းရေးနှင့် ၎င်းတို့သြဇာအာဏာအောက် ကျရောက်ရေးအတွက် အစီအမံများချမှတ်ပြီး မြန်မာနိုင်ငံ၏ အနာဂတ်ကို ဖျက်ဆီးနေကြသဖြင့် စာသင်ကျောင်းများတွင် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အခြေခံစစ်ပညာ စသည်တို့ကို ထည့်သွင်းသင်ကြားရမည်ဟု ပုံဖော်ရေးသားကြပါသည်။ ထို့အပြင် မသင်မနေရလူငယ်မွမ်းမံသင်တန်းများ ဖွင့်လှစ်ရန်၊ ကျောင်းသင်ခန်းစာများတွင် လူငယ်မွမ်းမံသင်ခန်းစာများ ထည့်သွင်းသင်ကြားပေးရန် တိုက်တွန်းမှုများ ပြုလုပ်သည်ကို တွေ့ရသည်။ ဗုဒ္ဓဘာသာဝင်တို့၏ အလေးအမြတ်ထားရာ ဝါတွင်းကာလတွင် ဥပုသ်နေ့အား ကျောင်းမပိတ်ဘဲ စနေ၊ တနင်္ဂနွေပိတ်သောကိုယ်ပိုင်ကျောင်းများကိုအရေးယူရန် တိုက်တွန်းကြသည်ကို တွေ့ရသည်။


တပ်ကြပ်ကြီး ဖိုးစီ
ဇာတ်ပြန်ပေါင်းရရင် လူအများသိကြတဲ့ စတန် ၇ နိုင်ငံလိုခေါ်တဲ့ ပါကစ္စတန် ၊ အာဖကန် နစ္စတန်၊ တာဂျစ်ကစ္စတန်၊ကရစ်ဂစ္စတန်၊ တာခ်မင်နစ္စတန်၊ ဥဇဘက်ကစ္စတန်၊ ကာဇက် စတန်ဆိုတဲ့ နိုင်ငံတွေဟာ မြတ်စွာဘုရားရှင်လက်ထက်တော်က ယောနကတိုင်းနဲ့ကန္တာရ တိုင်းလိုခေါ်တဲ့ တိုင်း ကြီး နှစ်တိုင်းထဲကဗုဒ္ဓဘာသာဝင် နိုင်ငံတွေပေါ့
။ ခုတော့ အေဒီ (၁၁)ရာစုမှာကတည်းက ကွယ်ပျောက်သွားခဲ့ကြပါပြီလေ။ ဘာသာတစ်ခု ပျက်သုန်း ကွယ်ပျောက်ရခြင်းဆိုတဲ့နေရာမှာ ဘာသာဝင်တွေ အချင်းချင်း မညီညွတ် ခြင်း၊ မိမိ ဘာသာ အပေါ် အယုံအကြည်ကင်းမဲ့လာခြင်း၊ သက်နီးဝတ်ထားတိုင်းလေးစားဖို့ လို သလားဆိုတဲ့ လစ်ဘရယ်ဆန်တဲ့ အတွေးအခေါ် တွေ စိမ့်ဝင်လာခြင်း၊ ဘာသာအားလုံး အပေါ်မှာ တန်းတူညီမျှ ဆိုတဲ့ အခြေခံစိတ်တွေ ထားရှိလာခြင်းတိုကသာ အဓိက ကျခဲ့ တာမဟုတ်လား။


#ဖိုးစီ
3482 11:18 AM
UA 4 comments

*ဗုဒ္ဓဘာသာကွယ်ပျောက်သွားနိုင်မည့်*
*အန္တရာယ်ကို ပုံဖော်ပြောဆိုပုံ*

နိုင်ငံအသီးသီးတွင် ကိုးကွယ်သူအများဆုံးရှိသည့် ဘာသာကို ဦးစားပေးကြသည့်အတွက် မြန်မာနိုင်ငံတွင်လည်း လူအများစုကိုးကွယ်သည့် ဗုဒ္ဓဘာသာကို အခွင့်အရေးပိုပေးရမည်ဖြစ်ကြောင်း ရေးသားပြောဆိုတတ်ကြပါသည်။ ဘာသာအားလုံးကို တန်းတူညီမျှထားခြင်းက ဗုဒ္ဓဘာသာကို ပျက်သုဉ်းစေနိုင်ကြောင်း ရှေးခေတ်ဗုဒ္ဓဘာသာထွန်းကားခဲ့သည့် တိုင်းပြည်များတွင် ဗုဒ္ဓဘာသာဝင်လျော့နည်းကွယ်ပျောက်သွားရသည့် ဥပမာများကို လိုရာဆွဲ ရေးသားပုံဖော်တတ်ကြပါသည်။

## ၂.၂ ခရစ်ယာန်ဘာသာကိုးကွယ်သူများအပေါ် ပုံဖော်တိုက်ခိုက်ခြင်း

အမျိုးသားရေးအစွန်းရောက်များအနေဖြင့်ဗုဒ္ဓဘာသာ ကွယ်ပျောက်သွားနိုင်သယောင် ပုံဖော်နေသည့် တပြိုင်နက်ထဲမှာပင် အခြားသော ဘာသာများနှင့် ကိုးကွယ်သူများကို နှိမ့်ချ၍ စော်ကားတိုက်ခိုက်နေသည်ကို တွေ့ရပါသည်။ အမုန်းစကားဝါဒဖြန့်မှုများတွင် ခရစ်ယာန်ဘာသာဝင်များအပေါ်တွင်လည်း လိုရာဆွဲပုံဖော်တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြပါ သည်။ ခရစ်ယာန်ဘာသာဝင်များမှာ အနောက်နိုင်ငံကြီးများနှင့် ဘာသာတူသူများဖြစ်၍ သြဇာခံများဖြစ်ကြောင်း ပြောဆိုတတ်ကြပါသည်။




*ခရစ်ယာန်ဘာသာဝင်များကို ပုံဖော်တိုက်ခိုက်ပုံ*

နွေဦးတော်လှန်ရေးတွင် ပူးပေါင်းပါဝင်နေသော လူမျိုးစုတော်လှန်ရေးအင်အားစုများသည် ခရစ်ယာန်ဘာသာကို အဓိကထားကိုးကွယ်ကြသူများဖြစ်ပြီး ရှမ်း၊ ပအိုဝ်း၊ မွန်၊ DKBA (တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်ဖွဲ့ – Democratic Karen Buddhist Army) နှင့် ရှမ်းနီ စသော ဗုဒ္ဓဘာသာကို ကိုးကွယ်သည့် လူမျိုးစုတပ်များမှာ နွေဦးတော်လှန်ရေးတွင်ပါဝင်ခြင်းမရှိကြောင်း ပုံဖော်ရေးသားလျက်ရှိသည်။ ခရစ်ယာန်ဘာသာဝင် အများစုပါဝင်သည့် ကချင်၊ ကရင်၊ ကယား၊ ချင်းတော်လှန်ရေးတပ်ဖွဲ့များသည် လူမျိုးရေးနှင့် ဘာသာရေးကို အခြေခံကြကြောင်း ရေးသားပြောဆိုသည်ကို တွေ့ရသည်။

ခရစ်ယာန်ဘာသာဝင် ကရင်များမှ ဗုဒ္ဓဘာသာဝင် ကရင်များကို အနိုင်ကျင့်သတ်ဖြတ်သဖြင့် KNU ( ကရင်အမျိုးသားအစည်းအရုံး – Karen National Union) မှ ခွဲထွက်ကာ DKBA ပေါ်ထွက်လာခဲ့ကြောင်း လိုရာဆွဲပုံဖော်ရေးသားမှုများကို တွေ့ရှိရပါသည်။ ထို့အပြင် လူမျိုးစွဲ ဘာသာစွဲ ကြီးမား




*ခရစ်ယာန်ဘာသာဝင်များကို ပုံဖော်တိုက်ခိုက်ပုံ*


သည့် KIA (ကချင်လွတ်မြောက်ရေးတပ်မတော် – Kachin Independence Army) သည် ဗမာအချင်းချင်းတိုက်ခိုက်သတ်ဖြတ်ရန် နောက်ကွယ်မှ စေခိုင်းနေပြီး ဗုဒ္ဓဘာသာရဟန်းများနှင့် ဗုဒ္ဓဘာသာဝင်များကို ဦးတည်ကာ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်ဟူ၍လည်း ဖန်တီးပုံဖော်လေ့ရှိပါသည်။




*ခရစ်ယာန်ဘာသာဝင်များကို ပုံဖော်တိုက်ခိုက်ပုံ*

ဒေါ်အောင်ဆန်းစုကြည်အာဏာရရှိစဉ်တွင် ဒုသမ္မတနှင့် ဝန်ကြီးနေရာအများစုကို ခရစ်ယာန်နှင့်

အစ္စလာမ်ဘာသာဝင်များက နေရာယူထားပြီး ယခု နွေဦးတော်လှန်ရေးတွင်လည်း ဘာသာခြားများက NUG (အမျိုးသားညီညွတ်ရေးအစိုးရ – National Unity Government) ကို ဦးဆောင်လျက်ရှိပြီး ဗုဒ္ဓဘာသာဝင် PDF (ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ – People's Defense Force) များကို စေခိုင်းကာ တိုင်းပြည်နှင့် ဗုဒ္ဓဘာသာကို ဖျက်ဆီးနေသည်ဟု ရေးသားဖော်ပြလျက်ရှိသည်။


Sitt Kell Gyi (သတင်းတမာန်)
NUG ခေါင်းဆောင်တွေထဲမှာ ဗုဒ္ဓဘာသာဝင် ဘယ်နှဦးပါဝင်လဲ။ ကျနော်သိတဲ့ အနီတွေထဲမှာတော့ အရင်nld ကို အလွန်ထောက်ခံခဲ့ဖူးကြတာမှန်ပေမယ့် NUG က ဘာသာခြားတွေဦးဆောင်နေတဲ့အဖွဲ့နိုင်လာရင် ဗုဒ္ဓဘာသာအတွက်ရင်လေးနေကြသူတွေရှိတယ်။ NLD အမာခံတွေထဲကကို ဒီစကားသံတွေထွက်လာနေပါတယ်။ သူတို့နည်းနည်းတော့ရိပ်မိလာကြတာတွေ့ရတယ်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲမတက်တဲ့ EAO တွေကလဲ ဗုဒ္ဓဘာသာတွေမဟုတ်ကြတာ တိုက်ဆိုင်မှုတစ်ခုလား? မြန်မာ့နိုင်ငံရေးအကြပ်အတည်းမှာ ဘယ်သူတွေခြေရှုပ်နေပြီလဲဆိုတာ သတိထားဖို့ကောင်းနေပါပြီ


သတင်းတမာန်
114 4
4711 သတင်း တမာန်, 7:27 AM
3 comments

*ခရစ်ယာန်ဘာသာဝင်များကို ပုံဖော်တိုက်ခိုက်ပုံ*

## ၂.၃ အစ္စလာမ်ဘာသာကိုးကွယ်သူများအပေါ် ပုံဖော်တိုက်ခိုက်ခြင်း

အမျိုးသားရေးအစွန်းရောက်များ၏ ဝါဒဖြန့်ချိမှုထဲတွင် အစ္စလာမ်ဘာသာကိုးကွယ်သူများအား ဦးတည် ခြိမ်းခြောက်သည့် အမုန်းစကားများလည်း ပါဝင်သည်။ အမျိုးသားရေးအစွန်းရောက်များနှင့် စစ်ကောင်စီကို ထောက်ခံသည့် တယ်လီဂရမ်ချန်နယ်များတွင် အစ္စလာမ်ဘာသာကို အဓိက နှိမ့်ချရေးသားလျက်ရှိသည်။ အစ္စလာမ်ဘာသာဝင်များကို မွတ်၊ ကုလား၊ မာမူ၊ ဝက်မစား၊ ချာပါတီ စသည့် စကားလုံးများဖြင့် နှိမ့်ချသုံးစွဲသည်ကို တွေ့ရပါသည်။

အစ္စလာမ်ဘာသာဝင်များကို ကြောက်ရွံ့မုန်းတီးစေရန် စနစ်တကျဖန်တီးထားသော သတင်းတု၊ သတင်းမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသားမှုများကို တွေ့ရသည်။ နိုင်ငံအတွင်း ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးများတွင် ဗလီများခိုးဆောက်နေသည်၊ ဗလီအရေအတွက်များပြားလာသည် စသည်ဖြင့် အစ္စလာမ်ဘာသာကိုးကွယ်သူများလာပြီဟု သတင်းမှားများဖြင့် အမုန်းတရားကို လှုံ့ဆော်နေကြောင်း တွေ့ရသည်။ တိုင်းပြည်တပြည်တွင် မူဆလင် ၁၆ ရာခိုင်နှုန်းအထိရောက်ရှိလာလျှင် အစ္စလာမ်မိုက်ဖေးရှင်းကိုတားဆီး၍မရတော့ကြောင်းနှင့် အစ္စလာမ်ဘာသာဝင်နိုင်ငံများမှာ မူလက ခရစ်ယာန်ဘာသာနိုင်ငံများ၊ ဗုဒ္ဓဘာသာနိုင်ငံများ ဖြစ်ကြောင်း စသည်ဖြင့် ခြိမ်းခြောက်ရေးသားမှုများကိုလည်းတွေ့ရသည်။ အင်ဒိုနီးရှားနိုင်ငံတွင် အစ္စလာမ်ဘာသာဝင်များက သတ်ဖြတ်ခြင်းကြောင့် တရက်အတွင်း ဗုဒ္ဓဘာသာဝင် ၁၀ သန်းကျော်သေဆုံးခဲ့ကြောင်း၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများကို အဓမ္မပြုကျင့်ခဲ့ပြီး ဂျီဟတ်ကြောင့် ဗုဒ္ဓဘာသာ ကွယ်ပျောက်ခဲ့ရကြောင်းရေးသားထားသည်ကိုလည်းတွေ့ရသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် ဗုဒ္ဓဘာသာဝင်များကို အစ္စလာမ်ဘာသာသို့ ပြောင်းခိုင်းပြီး ဘာသာမပြောင်းသူများကို သတ်ဖြတ်ခဲ့ကြောင်း ရေးသားချက်များကို တွေ့ရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း လူနည်းစု ဗုဒ္ဓဘာသာများ တိုက်ခိုက်ခံရကြောင်း၊ အိုင်ယာလန်ပြည်နယ်ကို သီးခြားအစ္စလာမ္မစ် နိုင်ငံအဖြစ် ခွဲထွက်ခွင့်ပေးရန် ဗြိတိန်အစိုးရကို တောင်းဆိုနေကြောင်း၊ ထိုင်းနိုင်ငံတောင်ပိုင်း အစ္စလာမ္မစ်သူပုန်များ လှုပ်ရှားရာဒေသတွင် ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ဗလီသံဆူညံ၍ စောဒကတက်သော ဗုဒ္ဓဘာသာ အင်ဒိုနီးရှားအမျိုးသမီးထောင်ချခံရကြောင်းစသည်ဖြင့် ရေးသားဖြန့်ဝေနေမှုများကို တွေ့ရသည်။ ထိုင်းနိုင်ငံမှ သတင်းဓာတ်ပုံများကို လိုရာစွဲသုံးကာ "ဗလီဆရာကို ကိုးကွယ်နေရပြီဖြစ်သော ထိုင်းစစ်တပ်" ဟူ၍ သတင်းအမှားများ ရေးသားဖြန့်ဝေခဲ့သည်။ အထက်ပါ အချက်အလက်များကို အခြေခံ၍ ဗုဒ္ဓဘာသာဝင်များကို လူမျိုးရေးဝါးမြိုမှုများ ဖြစ်လာမည်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင်လည်း အမျိုး၊ ဘာသာ၊ သာသနာအတွက် သတိထားရန်လိုအပ်သည်ဟု ပုံဖော်ရေးသားလျက်ရှိသည်။


Ko Thet
Forwarded from DGF21News (Mr Thor Matt)
ဗလီဆရာကိုးကွယ်နေရပြီဖြစ်တဲ့
ထိုင်းစစ်တပ်
========================
ဆရာတော်တစ်ပါးကပေးပို့လာသည့်
ဓာတ်ပုံတစ်ပုံပါစိုးရိမ်စရာအရမ်းကောင်းပါတယ်
ထိုင်းနိုင်ငံကလို့သိရပါတယ်။


ငါတပည့်အရှင်သေဋ္ဌိလ ရှေ ကြည့်ပါအုံးတဲ့
ငါတို့မြန်မာနိုင်ငံမှာလဲဒီလိုဖြစ်မလာဘူးလို
ပြောမရဘူးတဲ့ ဆရာတော်ကြီးကမိန့်သည့်စကားပါ
ဟုတ်ပါတယ် .မှန်ပါတယ် .ဆရာတော်၏စိုးရိမ်စိတ်ကအရမ်းမှန်ပါတယ်
ဒီလိုတွေဖြစ်လာမယ်ဆို ဗုဒ္ဓဘာသာတွေဟာ
လူမျိုးရေးဝါးမျိုမှုတွေဖြစ်လာမှာပါ။


မေတ္တာဖြင့်

အရှင်သေဋ္ဌိလ (မန်းမြေ)
တိုင်းရင်းသားပရဟိတကျောင်းတိုက်

ဘာတဲ့ ဒီနိုင်ငံလဲ စစ်တပ်ကိုအစိုးရ အောက် ရောက် အောင်လုပ်ပြီး အ မေရိကန်အကူအညီနဲ့ဆို ထိုင်းလိုတိုးတက်လာမယ်ဆိုတဲ့ အနီ ကြောင် တွေ သိဖို့ပါ။ အရိုးအရင်းပဲ မျှော်မ နေနဲ့ နောက်ကဖွက်ထားတဲ့ ဝါးရင်းတုတ်ကိုမြင် အောင်ကြည့်ပါ။
35 5
2827 10:57 AM



Ko Thet
Forwarded from DGF21News (Mr Thor Matt)
2761 10:57 AM


Ba Nyunt
ရန်ကုန်တိုင်းအတွင်းရှိမွတ်ကုလားဗလီတွေရဲ့အခြေအနေဟာတစ်ဖြေးဖြေးပိုဆိုးလာနေပါတယ်....
ရန်ကုန်တိုင်ရှိ ဗလီး အရေအတွက်
၁။ လသာမြို့နယ် = ၁၉ လုံး
၂။လမ်းမတော်မြို့ နယ် = ၁၄လုံး
၃။ပန်းဘဲတန်း မြို့ နယ် =၁၁လုံး
၄။ကျောက်တံတား = ၁၈လုံး
၅။ဗိုလ်တထောင် =၂၃လုံး
၆။အလုံ =၂၂လုံး
၇။စမ်းချောင်း =၁၇လုံး
၈။ပုစွန်တောင် =၈လုံး
၉။ဒေါပုံ =၁၂လုံး
၁၀။ဗဟန်း =၁၁လုံး
၁၁။ဒဂုံ =၁၈လုံး
၁၂။အင်းစိန် = ၁၇လုံး
၁၃။သဃ်န်းကျွန်း =၁၆လုံး
၁၄။သန်လျင် =၁၃လုံး
၁၅။သုံးခွ =၂၂လုံး
၁၆။ခရမ်း =၁၃လုံး
၁၇။ကွမ်းခြံကုန်း =၁၃လုံး
၁၈။တွံတေး =၁၇လုံး
၁၉။ဆိပ်ကြီးခနောင်တို =၁၄လုံး
၂၀။ဒလ =၁၆လုံး
၂၁။ထန်းတပင် =၁၅လုံး
၂၂။မင်္ဂလာဒုံ =၁၅လုံး
၂၃။သာကေတ =၁၉လုံး
၂၄။ရွှေပြည်သာ =၁၅လုံး
၂၅။လှည်းကူး =၁၅လုံး
၂၆။ကော့မှူး =၁၉လုံး
၂၇။မှော်ဘီ =၁၈လုံး
၂၈။တောင်ဥက္ကလာ =၁၅လုံး
၂၉။လှိုင် =၁၄လုံး
၃၀။ တာမွေ =၅၃လုံး
၃၁။ မင်္ဂလာတောင်ညွန့် =၄၉လုံး
1053 谭 林, 4:33 PM


Ko Thet

*အစ္စလာမ်ဘာသာဝင်များကို ပုံဖော်တိုက်ခိုက်နေသော အရေးအသားများ*


ဒေါ်အောင်ဆန်းစုကြည်က ရွေးကောက်ပွဲတွင် မဲဆွယ်ရန် OIC မှ ငွေကြေးများရယူကာ ၂၀၂၀ ရွေးကောက်ပွဲအပြီးတွင် မော်လမြိုင်တွင် ကမ္ဘာ့အကြီးဆုံး အာရဗီတက္ကသိုလ်ဆောက်ရန်နှင့် ရိုဟင်ဂျာများကို နိုင်ငံသားအဖြစ်လက်ခံရန် ကတိပေးခဲ့သည်ဟူသော စွပ်စွဲရေးသားချက်များကိုလည်း တွေ့ရှိရပါသည်။ ထို့အပြင် NLD အစိုးရလက်ထက်တွင် ဘုန်းကြီးကျောင်းများကိုဖျက်ခြင်း၊ အမျိုးသားရေးသမားများကို ဖမ်းဆီးအကျဉ်းချခြင်း၊ အမျိုးသားရေးကိုယ်ပိုင် အထက်တန်းကျောင်း (မဟော်သဓာကျောင်း)ကို ဆောက်လုပ်ခွင့်မပေးခြင်း၊ ဗုဒ္ဓဘာသာအခြေခံများနှင့် ကျောင်းစာများကို အခမဲ့ သင်ပေးသော ဘုန်းတော်ကြီးသင်ကျောင်းများကိုပြည်သူများမသိဘဲ ပိတ်ပစ်ရန် လုပ်ဆောင်ခြင်း စသည်ဖြင့် အစ္စလာမ်ဘာသာဝင်များစိတ်တိုင်းကျ ဗုဒ္ဓဘာသာကို ဖိနှိပ်ခဲ့သည်ဟု ရေးသားကြပါသည်။ NLD အစိုးရလက်ထက်တွင် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးဥပဒေပြဋ္ဌာန်းခဲ့ခြင်းမှာလည်း လူမျိုးခြား၊ ဘာသာခြားကလေးသူငယ်များကို မွေးစားခွင့်ရရန်အတွက် ဖြစ်သည်ဟု ပုံဖော်ရေးသားခဲ့ပါသည်။ ထို့အပြင် ညှော့စာရင်းဥပဒေ၊ နယ်ခြားစောင့်စစ်ဆေးရေးဥပဒေ၊ နောက်ယောင်ခံစောင့်ကြည့်ရေးဥပဒေ၊ အရေးပေါ်စီမံမှုဥပဒေ၊ နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှကာကွယ်ရေးဥပဒေ၊ အမျိုးဇာတ်ပျက်ယွင်းခြင်းမှဖယ်ရှားခြင်းဥပဒေ စသည့် နိုင်ငံအတွက် အရေးကြီးသော ဥပဒေများကို ဖျက်သိမ်းခဲ့ခြင်းမှာလည်း NLD အစိုးရ၏ အမျိုးဘာသာသာသနာကိုဖျက်ဆီးရန် လုပ်ဆောင်ခဲ့ခြင်းများဖြစ်သည်ဟု ရေးသားဖော်ပြလေ့ရှိသည်။





*အစ္စလာမ်ဘာသာဝင်များကို ပုံဖော်တိုက်ခိုက်နေသော အရေးအသားများ*

၂၀၂၁ စစ်အာဏာရှင်တော်လှန်ရေး နောက်ကွယ်တွင် အစ္စလာမ်ဘာသာဝင်များက စေခိုင်းနေကြောင်း ရေးသားပြောဆိုမှုများကိုလည်း တွေ့ရသည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များတွင် အစ္စလာမ်ဘာသာဝင်များ ပါဝင်ပတ်သက်နေကြောင်း၊ တောင်ကြီးဗလီအတွင်းမှ ၁၀ ဦး ဖမ်းမိကြောင်း၊ ဗလီအားလုံးနှင့် အစ္စလာမ်ဘာသာဝင်များ၏ အိမ်အားလုံးကို ရှာဖွေစစ်ဆေးမှုများ ပြုလုပ်သင့်ကြောင်း စသည်ဖြင့် ရေးသားလေ့ရှိသည်။ အစ္စလာမ်ဘာသာဝင်များက ဗုဒ္ဓဘာသာဝင်များကို အချင်းချင်းသတ်ဖြတ်ခိုင်းပြီး တိုင်းပြည်ကိုသိမ်းပိုက်ရန် ကြံစည်နေသော ပြည်ဖျက်များသာဖြစ်ကြောင်း ရေးသားဖော်ပြလေ့ရှိသည်။ အစ္စလာမ်ဘာသာဝင်များ၏ အိမ်နှင့် နယ်ခံဗလီများတွင် သေနတ်များ ထောက်ပံ့ထားပြီး အင်ဒိုနီးရှားနိုင်ငံနည်းတူ ဘာသာရေးဂျီဟတ်ဆင်နွှဲမည်ဟူသော သတင်းတုများ ဖြန့်ဝေသည်ကိုလည်း တွေ့ရသည်။

စစ်အာဏာရှင်အား ဆန့်ကျင်တော်လှန်သူများကို ဖမ်းဆီးရန် သတင်းပေးရာတွင် အစ္စလာမ်ဘာသာဝင်ဖြစ်ပါက ဘာသာခြားဖြစ်ကြောင်း၊ ပြည်သူအချင်းချင်းသတ်ဖြတ်ရန် အားပေးလှုံ့ဆော်သူဖြစ်ကြောင်း ဖော်ပြလေ့ရှိသည်။ ရာဇဝတ်မှု ဆိုင်ရာ သတင်းဖော်ပြချက်များတွင်လည်း အစ္စလာမ်ဘာသာ




*အစ္စလာမ်ဘာသာဝင်များကို ပုံဖော်တိုက်ခိုက်နေသော အရေးအသားများ*





*အစ္စလာမ်ဘာသာဝင်များကို ပုံဖော်တိုက်ခိုက်နေသော အရေးအသားများ*

ဝင်များပါဝင်ပါက "ဘာသာခြားကုလား"ဟု သိသာထင်ရှားစေရန် ရေးသားဖော်ပြသည်ကို တွေ့ရသည်။ မိတ္ထီလာတွင် ဘီယာဆိုင်ကို အစ္စလာမ်ဘာသာဝင် ၁၀ ဦးမှမီးရှို့ဖျက်ဆီးရန် ခြိမ်းခြောက်ကြောင်း၊ မြဝတီတွင် အစ္စလာမ်ဘာသာဝင်က မြန်မာမိန်းကလေး ၁ ဦးကို ခြိမ်းခြောက်ဖျက်ဆီးနေကြောင်း၊ ကျိုက်ထိုမှ ၁၁ နှစ်အရွယ် မြန်မာမိန်းကလေးကို အစ္စလာမ်ဘာသာဝင် ၁ ဦးမှ အဓမ္မပြုကျင့်အလောင်းဖျောက်ခဲ့ကြောင်း စသည်ဖြင့် သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။ ကျောက်ဆည်ဆင်ကပွဲတွင် အစ္စလာမ်ဘာသာဝင်ကို ဒိုင်အဖြစ်ခန့်ထားခြင်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ် ဂိတ်ပေါက်တွင် အစ္စလာမ်ဘာသာဝင်များကို ဂိတ်အစောင့်အဖြစ်ခန့်ထားခြင်းများကို လူမျိုးရေးခွဲခြားကာ ဝေဖန်ပြောဆိုသည့် အရေးအသားများကို တွေ့ရသည်။ စစ်အာဏာသိမ်းပြီးနောက် အမျိုးသားရေးအစွန်းရောက်တို့၏ လူမှုကွန်ရက်ချန်နယ်များ၌ အစ္စလာမ်ဘာသာဝင်များကို ဦးတည်၍ သတင်းတု၊ သတင်းမှားများဖြင့် ပုံဖော်တိုက်ခိုက်ခြင်းများကို ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။

## ၂.၄ ရိုဟင်ဂျာလူမျိုးစုအပေါ် ပုံဖော်တိုက်ခိုက်ခြင်း

နဝတ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့) လက်ထက်မှ ယနေ့ အာဏာသိမ်းစစ်ကောင်စီလက်ထက်အထိ ရိုဟင်ဂျာလူမျိုးစုအား "ဘင်္ဂါလီ"၊ "ရခိုင်ပြည်နယ်မှ အစ္စလာမ်ဘာသာကိုးကွယ်သူများ" စသည်ဖြင့်သာ တရားဝင် ခေါ်ဝေါ်ခဲ့ကြပြီး ၎င်းလူမျိုးစု၏တည်ရှိမှုကို ငြင်းဆန်ရန် ကြိုးစားခဲ့သည်ကို တွေ့ရပါသည်။ ရိုဟင်ဂျာလူမျိုးစုအနေဖြင့် လွတ်လပ်စွာရွှေ့ပြောင်းသွားလာခွင့်၊ ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်နှင့် နိုင်ငံသားဖြစ်ခွင့်စသည့် အခြေခံလူ့အခွင့်အရေးများကို နိုင်ငံတော်အဆင့်ပူးပေါင်းပါဝင်ပြီး နှစ်ပေါင်းများစွာ ကန့်သတ်ဖိနှိပ်ကျူးလွန်ခြင်းခံခဲ့ရပါသည်။ ရခိုင်ကို စွန့်ခွာ၍ အခြားဒေသများတွင် အခြေချနေထိုင်ရန် သို့မဟုတ် ရန်ကုန်မှတဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်ရန် ကြိုးပမ်းသော ရိုဟင်ဂျာများအား လမ်းခုလတ်တွင် ဖမ်းဆီးကာ ထောင်ဒဏ်များချမှတ်လေ့ရှိပြီး သတင်းဖော်ပြရာတွင်လည်း "ခိုးဝင်ဘင်္ဂါလီများ"ဖမ်းဆီးခံရကြောင်း ရေးသားဖော်ပြလေ့ရှိသည်။




*ရိုဟင်ဂျာလူမျိုးစုကို ပုံဖော်တိုက်ခိုက်နေသော အရေးအသားများ*




*ရိုဟင်ဂျာလူမျိုးစုကို ပုံဖော်တိုက်ခိုက်နေသော အရေးအသားများ*

"ရိုဟင်ဂျာလူမျိုးစုသည် မှတ်ပုံတင်ကတ် အမျိုးပေါင်းများစွာကိုင်ဆောင်ပြီးအစိုးရကိုလိမ်လည် လှည့်ဖြားလျက်ရှိသည်"ဟု ရေးသားဖြန့်ဝေလေ့ရှိ သည်။ ထို့ပြင် ရိုဟင်ဂျာလူမျိုးစုသည် "ယခင်က အင်္ဂလိပ်လက်အောက်ခံ အိန္ဒိယနွယ်ဖွားစစ်သားများ နှင့် ပူးပေါင်းကာ ရခိုင်လူမျိုးများကို နှိပ်စက်သတ်ဖြတ် ခြင်း၊ ရခိုင်အမျိုးသမီးများကို အဓမ္မပြုကျင့်ခြင်း၊ ရခိုင် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သူများ ဖြစ်သည်"ဟု ပုံဖော်ရေးသားလျက်ရှိသည်။ ရခိုင်တွင် ဗလီအရေအတွက် များပြားကာ ရခိုင်မြောက်ပိုင်းတွင် ရခိုင်ရွာများနည်းပါးလာပြီး ရိုဟင်ဂျာလူမျိုးစု၏ ရွာများသာ များပြားလာကြောင်း၊ ထိုအနေအထားကို နောင်လာမည့် အစိုးရမှ မကာကွယ်နိုင်ပါက ရိုဟင် ဂျာလူမျိုးစု၏ နယ်မြေတခုဖြစ်လာမည်ဟု ရေးသား လျက်ရှိသည်။




*ရိုဟင်ဂျာလူမျိုးစုကို ပုံဖော်တိုက်ခိုက်နေသော အရေးအသားများ*

၂၀၁၇ ရိုဟင်ဂျာလူမျိုးသုဉ်းသတ်ဖြတ်မှု ဖြစ်စဉ်ကိုလည်း ငြင်းဆန်(Denial) လျက်ရှိပါသည်။ စစ်တပ်အနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကိုကျူးလွန် ခဲ့ပါက ရခိုင်မြောက်ပိုင်းတွင် ရိုဟင်ဂျာလူမျိုးစု ယခု ချိန်ထိ ဆက်လက်နေထိုင်နေမည် မဟုတ်ကြောင်း ရေးသားလျက်ရှိသည်။ လူမျိုးသုဉ်းသတ်ဖြတ်မှု ဆိုသည်မှာ မြန်မာနိုင်ငံကို နိုင်ငံတကာတွင် ပုံရိပ်ဆိုး ဖြစ်စေရန် OIC ၏ လမ်းညွှန်မှုအတိုင်း ဖန်တီးခြင်း ဖြစ်ကြောင်း ရေးသားလေ့ရှိသည်။




*ရိုဟင်ဂျာလူမျိုးစုကို ပုံဖော်တိုက်ခိုက်နေသော အရေးအသားများ*

Ko Thet
ရခိုင်ရဲ့ရန်သူဟာ ဘယ်သူလဲ?
====================
ဗြိတိသျှအစိုးရလက်ထက်မှာ အိန္ဒိယကုလားများကို ဗြိတိသျှတို့က ရခိုင်သို့ခေါ်သွင်းခဲ့သည်။
ဗြိတိသျှတို့က ၎င်းတို့အားမြေယာများပေးသဖြင့် ကုလား မြေပိုင်ရှင်များအများအပြားပေါ်လာပြီး ရခိုင်တို့၏လယ်ယာမြေများဆုံးရှုံးလာသည်၊

ဒုတိယကမ္ဘာစစ်တွင်ဗြိတိသျှတို့စစ်ဆုံးရှုံး၍ မြန်မာပြည်မှ ထွက်ပြေးချိန်တွင် အောင်မြင်စွာဆုတ်ခွာနိုင်ရန်အတွက် ၎င်းတို့၏လက်နက်များကို ကုလားများကိုပေးအပ်ခဲ့သည်။

၎င်းတို့နှင့်ကုလားစစ်သားများပေါင်း၍ရခိုင်တို့ကိုTတ်သည်။စစ်ဖြစ်နေဆဲကာလ၌ပင် ကုလား - ရခိုင်အဓိကရုဏ်းစတင်ဖြစ်ပွားသည်။

မြေပုံမြို့နယ်မှစတင်သော အဓိကရုဏ်းသည် မြောက်ဦးကျောက်တော်အထိကူးစက်ခဲ့သည်။

မြောက်ဦး၊ကျောက်တော်မှထွက်ပြေးလာသည့် ကုလားများသည် ဘူးသီးတောင်၊မောင်းတောမှ ကုလားများနှင့် ပူးပေါင်း၍ ရခိုင်တို့ကိုတိုက်သဖြင့် ရခိုင်တို့ထိုဒေသမှ ထွက်ပြေးရပြီး ယခုအချိန်ထိ ဘူးသီးတောင်၊မောင်းတောဒေသတွင် ရခိုင်ရွာအနည်းငယ်သာ ကျန်တော့သည်။

ပါတီထောင်၍ပြည်နယ်တောင်းခြင်း
========================
ဒုတိယကမ္ဘာစစ်အတွင်းကပင် ဘူးသီးတောင်၊မောင်းတောရသေ့တောင်မှ မွတ်စလင်များသည် အဆိုပါဒေသများကို ပါကစ္စတန်နယ်အတွင်းထည့်သွင်းပေးရန် ဗြိတိသျှတို့ကို တောင်းဆိုခဲ့သည်။

၁၉၄၇တွင် ဘူးသီးတောင်မြို့နယ်စေတီတောင်ကျေးရွာမှ စတင်၍ မူဂျာဟစ်ပါတီကို ဖွဲ့စည်းခဲ့သည်။

၎င်းတို့သည် ကွန်မြူနစ် အဖွဲ့ဝင်ဖြစ်သူ ထွန်းအောင်ဖြူနှင့် ပေါင်းသည်။ဖဆပလအစိုးရပြုတ်ကျလျှင် နတ်မြစ်အရှေ့ဖက်မှ ကုလားတန်မြစ် အနောက်ဘက်အတွင်းရှိနယ်မြေကို ရိုဟင်ဂျာပြည်နယ်အဖြစ်သတ်မှတ်ပေးရန် ကွန်မြူနစ်တို့က ပြောခဲ့ကြောင်း သိရသည်။

တပ်မတော်နှင့်မူဂျာဟစ်တိုက်ပွဲများ
========================
၁၉၅၀ တွင် မုဂျာဟစ်ဌာနချုပ်ကို မေယုစစ်ဆင်ရေးဖြင့် တပ်မတော်ကတိုက်သည်။မူဂျာဟစ်တို့ပါကစ္စတန်ကို ထွက်ပြေးကြသည်။

၁၉၅၂တွင် မုဂျာဟစ်ဌာနချုပ်တည်ရှိရာ လက်ပန်တောင်ကို တပ်မတော်ကတိုက်ခိုက်သိမ်းပိုက်သည်။

၁၉၅၄တွင် ဘူးသီးတောင်၊မောင်းတောဒေသတွင် မုတ်သုန်စစ်ဆင်ရေးဖြင့် မင်္ဂလာကြီးစခန်းကို တပ်မတော်က တိုက်ခိုက်သိမ်းပိုက်သည်။

၁၉၆၆ခုနှစ်တွင် မူဂျာဟစ်နှင့်အလံနီကွန်မြူနစ်တို့ပူးပေါင်း၍ မြေအောက်လှုပ်ရှားမှုများလုပ်လာသည်။

၁၉၆၉တွင် ဘီအေဇော်ဖောဦးဆောင်သည့် မြေအောက်လှုပ်ရှားမှုအဖွဲ့ ပေါ်လာပြီး ၁၉၇၄ တွင် တပ်မတော်ထိုးစစ်ကြောင့် ဘီအေဇော်ဖော အဖွဲ့ပြိုကွဲသွားသည်၊

၁၉၇၈တွင် ပြည်ပမှနိုင်ငံခြားသားများတရားမဝင်ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးရန် ရည်ရွယ်ချက်ဖြင့် နဂါးမင်းစီမံချက်ကို အကောင်အထည်ဖော်သည်။ စစ်ဆေးမခံနိုင်သော စစ်တကောင်းသားတို့သည် ဘင်္ဂလား... ဘာကုန်းသို့ထွက်ပြေးကြသည်။

၁၉၈၈နောက်ပိုင်း အခြေအနေ
====================
ဒုတိယကမ္ဘာစစ်အတွင်းကဖြစ်ပွားခဲ့သော ကုလား - ရခိုင်အဓိကရုဏ်းတွင် ဘူးသီးတောင်၊မောင်းတောမှ ရခိုင်များကိုမောင်းထုတ်နိုင်ခဲ့သဖြင့် ထိုနေ့ မေလ ၁၃ ရက်နေ့ကို ၎င်းတို့၏ အောင်ပွဲနေ့ဟု သတ်မှတ်ပြီး ၁၉၈၈ မေလ ၁၃ ရက်နေ့တွင် ဘင်္ဂါလီလူမျိုး ၅၀၀၀၀ ကဘူးသီးတောင်မြို့ပေါ် ရှိရခိုင်တိုင်းရင်းသားများကို သတ်ပြစ်ကြသည်။

လုံထိန်းတပ်ဖွဲ့ဝင်များက ရခိုင်ပြည်သူများနှင့်ပြန်လည်ခုခံသဖြင့် ဘူးသီးတောင်ကိုသိမ်းမည့်အစီအစဉ် ပျက်သွားခဲ့သည်။

၂၀၁၀ခုနှစ်နောက်ပိုင်းအခြေအနေ
======================
ဦးသိန်းစိန်လက်ထက်တွင်ဖြစ်ပေါ် ခဲ့သည့် မသီတာထွေးကိစ္စ၊NLD အစိုးရလက်ထက်တွင် ARSA များက ရခိုင်တိုင်းရင်းသားများကို အကြမ်းဖက်သတ်ဖြတ်သဖြင့် ရခိုင်လူမျိုးခေါင်းဆောင် ဒေါက်တာအေးမောင်က NLD အစိုးရထံတင်ပြအကူအညီတောင်းခံသော်လည်း အကူအညီမပေးသဖြင့် တပ်ချုပ်ကြီးက ရခိုင်သို့တပ်ရင်းတပ်ဖွဲ့များစေလွှတ်ပေးရသည့်ကိစ္စ၊ ARSA များက ရခိုင်ပြည်နယ်ရှိလုံခြုံရေးစခန်း၃၀ကျော်ကိုဝင်ရောက်တိုက်ခိုက်ပြီး ရခိုင်တိုင်းရင်းသားများနှင့်ဟိန္ဒူဘာသာဝင်များကို ရက်စက်စွာသတ်ဖြတ်သဖြင့် တပ်မတော်က အကြမ်းဖက်နှိမ်နင်းရေးနည်းလမ်းအရ ပြန်လည်တိုက်ခိုက်သဖြင့် တပ်မတော်ကို လူ့အခွင့်အရေးချိုးဖောက်သည် ၊ လူမျိုးတုန်းသတ်ဖြတ်သည်ဟူသောစွတ်စွဲချက်များဖြင့် ICJ တွင် ဂမ်ဘီယာနိုင်ငံက မြန်မာအစိုးရကို တရားစွဲဆိုထားသည့်ကိစ္စများကို နောက်ပိုင်းမျိုးဆက်သစ် Gz များ သိပြီးသားဖြစ်၍ အကျယ်ချဲ့မရေးတော့ပါ။

အဓိကအားဖြင့် ကိုထွန်းမြတ်နိုင်နှင့်ရခိုင်ပြည်သူများကို ဦးတည်၍ ပြောလိုသည်မှာ -

ရခိုင်ပြည်သူတို့၏ ရန်သူမှာ တပ်မတော်မဟုတ်ပါ။
ရခိုင်ပြည်သူတို့၏ ရန်သူကို မြန်မာတိုင်းရင်းသား တပ်မတော်သားများက အသက်ပေး၍ ရခိုင်ပြည်သူများနှင့် ရခိုင်ပြည်နယ်ကို ကာကွယ်ပေးနေခြင်းဖြစ်သည်ကို ပညာရှိပီသစွာ သိသင့်ပါပြီ။

(ဆီမီးအိမ်)
8-5-2022

48 · 2 · 2 · 4855 12:45 PM

*ရိုဟင်ဂျာလူမျိုးစုကို ပုံဖော်တိုက်ခိုက်နေသော အရေးအသားများ*

AA ( ရက္ခိုင့်တပ်တော် – Arakan Army) နှင့် ရိုဟင်ဂျာလူမျိုးများပူးပေါင်း၍ ရခိုင်ကို ဖျက်ဆီးရန် ကြံစည်နေကြောင်း ရေးသားမှုများကိုလည်း တွေ့ရသည်။ AA အနေဖြင့် ရိုဟင်ဂျာလူမျိုးများကို စစ်သင်တန်းပေးလျက်ရှိပြီး ARSA (အာရကန် ရိုဟင်ဂျာကယ်တင်ရေးတပ်မတော် – Arakan Rohingya Salvation Army) , RSO ( ရိုဟင်ဂျာသွေးစည်းညီညွတ်ရေးအဖွဲ့ –Rohingya Solidarity Organisation) အဖွဲ့များ နှင့် ပူးပေါင်းကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရိုဟင်ဂျာလူမျိုးစု ရခိုင်သို့ ဝင်လာနိုင်ရန် လုပ်ဆောင်နေသဖြင့် ရခိုင်လူမျိုးများ စိုးရိမ်ကြကြောင်း ရေးသားဖြန့်ဝေလျက်ရှိသည်။ AA မှ ၎င်းတို့ အကျိုးစီးပွားအတွက် ရိုဟင်ဂျာများကို မိမိတို့ဒေသတွင် ပြန်လည်လက်ခံပြီး ရခိုင်တမျိုးလုံးနှင့်ရခိုင်ကိုချနင်းရောင်းစားရန်ကြံစည်နေသည့်အတွက် ရခိုင်သည် အာဖဂန်နစ္စတန်နိုင်ငံကဲ့သို့ဖြစ်ကာ ရခိုင်လူမျိုးများ ဒုက္ခရောက်နိုင်ကြောင်း ရေးသား လှုံ့ဆော်လေ့ရှိသည်။ ထို့အပြင် AA မှ ရိုဟင်ဂျာများကို ပြည်တွင်းသို့ ဝင်ရောက်နိုင်ရန်လည်း ငွေကြေးယူ၍ ဆောင်ရွက်ပေးနေသည်ဟု ရေးသားလေ့ရှိသည်။ ထိုကဲ့သို့ AA နှင့် ရိုဟင်ဂျာလူမျိုးစုအား ပူးတွဲ၍ ပုံဖော်လျက်ရှိသော်လည်း တဘက်တွင် AA က ရိုဟင်ဂျာများအပေါ် ဖိနှိပ်မှုများ လုပ်ဆောင်နေကြောင်းနှင့် AA ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ရိုဟင်ဂျာများထိခိုက်သေဆုံးမှုများရှိကြောင်းကိုလည်း ဆန့်ကျင်စွာရေးသားဖော်ပြလေ့ရှိသည်။




*ရိုဟင်ဂျာလူမျိုးစုကို ပံ့ဖော်တိုက်ခိုက်ပုံ*

ရိုဟင်ဂျာလူမျိုးစုကို နိုင်ငံသားအဖြစ် အသိအမှတ်မပြုဘဲ ၁၉၈၂ နိုင်ငံသားဥပဒေပြင်ဆင်ခြင်းကို ကန့်ကွက်လျက်ရှိသည်။ NUG ( အမျိုးသား ညီညွတ်ရေးအစိုးရ – National Unity Government) နှင့် ရိုဟင်ဂျာများ တွေ့ဆုံမှုကိုလည်း NUG မှ အာဏာရရှိရေးအတွက် တိုင်းပြည်ကို ရောင်းစားနေကြောင်း ရေးသားဖော်ပြလေ့ရှိသည်။ OIC မှ ငွေကြေး ထောက်ပံ့မှုရရန်အတွက် ၁၉၈၂ နိုင်ငံသားဥပဒေကို ဖျက်သိမ်းပြီး ရိုဟင်ဂျာများကို NUG မှ အသိအမှတ်ပြုခြင်းသည် ရခိုင်ပြည်နာမည်ပြောင်းသွားမည်ဖြစ်သကဲ့သို့ ဗုဒ္ဓဘာသာကွယ်ပျောက်ပြီး လူမျိုးဝါးမြိုခံရနိုင်သည့် အန္တရာယ်ရှိနေကြောင်း ရေးသားဖော်ပြလေ့ရှိသည်။ OIC အဖွဲ့ဝင်ဖြစ်သော မလေးရှားနိုင်ငံမှလည်း အာဆီယံပဋိညာဉ်နှင့် အစဉ်အလာကို ချိုးဖောက်ကာ ရိုဟင်ဂျာအရေးအတွက် မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖိအားပေးနေခြင်းသာ ဖြစ်ကြောင်း ရေးသားဖော်ပြလျက်ရှိသည်။


KNU သည်လည်း ငွေကြေးအထောက်အပံ့ရရန်အတွက် အစ္စလာမ်ဘာသာဝင်များနှင့် ပူးပေါင်းနေပြီး ရိုဟင်ဂျာလူမျိုးစုကို လက်နက်တပ်ဆင်ပေးနေသည်ဟု ရေးသားလေ့ရှိသည်။ KNDO ( ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ – Karen National Defence Organisation) အနေဖြင့်လည်း ဗမာ PDF (ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ – People's Defence Force) များသေဆုံးသည်ကို ဂရုမစိုက်ဘဲ အထောက်အပံ့ရရန် အစ္စလာမ်ဘာသာဝင်များ အလိုကျ လုပ်ဆောင်နေကြောင်း ရေးသားဖော်ပြမှုကိုလည်း တွေ့ရသည်။











22-12-2021
Lay Kay Kaw ကိစ္စ နောက်မှာ မမြင်ရတဲ့ နက်နက်ရှိုင်းရှိုင်း အမျိုးသားရေး သစ္စာဖောက်မှုတွေပါနေတယ်၊
KNU ထုတ်မပြတဲ့ တပ်မဟာ(၁၁) ဆိုတာ ဘယ်သူတွေနဲ့ ဖွဲ့စည်းထားတာလဲ...?
ပြည်မထဲ ခိုးဝင်လာတဲ့ ဘင် တွေ အစအန ပျောက်သွားတာ ဘယ်ရောက်သွားလဲ..?
အဲဒီ ဘင် တွေ ကို KNU တပ်မဟာ(၁၁)လို ဘာကြောင့် လက်နက်အပြည့်အစုံ ဖွဲ့စည်းပေးထားလဲ... ?
သောက်ပေါတောမဟုတ်ဘူးနော်၊
သိရက်နဲ့ သက်ဆိုင်ရာက ဘာမှမလုပ်လို ငြိမ်ပေးနေရတာ၊ အံကြိတ်နေရတာ၊
KNU ကို အရမ်းအထင်ကြီးထားတာ၊
လုံးဝ Nationalism စိတ်ဓာတ် မရှိဘူး၊
အပိုင်းအစတွေ ထွက်လာထဲက အံကြိတ်ထားတာ၊
မနေနိုင်လို အစဆွဲထုတ်ပေးလိုက်တာ၊
ထောက်လှမ်းရေးပညာ ဝါသနာကြီးခဲ့တဲ့ ကိုယ့်ကိုယ်ကို အပြစ်တင်မိတယ်၊
နောင်အခါ ဘယ်တော့မှ နိုင်ငံရေးထဲ မပါ ပါရစေနဲ့လို ။
Credit;
ကကြီးစွန်း
လေးလေးမော့ဆက်
492 9:20

*ရိုဟင်ဂျာလူမျိုးစုကို ပံ့ဖော်တိုက်ခိုက်ပုံ*

## ၂.၅ နွေဦးတော်လှန်ရေးအင်အားစုများအပေါ် ပုံဖော်တိုက်ခိုက်ခြင်း

နွေဦးတော်လှန်ရေးတွင် ဗုဒ္ဓဘာသာဆန့်ကျင်ရေး ရည်ရွယ်ချက် ပါဝင်နေသည့်အတွက် ခေတ်အဆက်ဆက် နိုင်ငံရေးတွင် ပါဝင်ခဲ့သော ငါးသိန်းခန့်ရှိသည့် သံဃာထုက တော်လှန်ရေးတွင် မပါဝင်ခြင်း ဖြစ်သည်ဟု တော်လှန်ရေးကို ပုံဖျက်ရေးသားလျက်ရှိသည်။ တော်လှန်ရေး၏ အဓိကရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာကို ဦးတည်သော ဘာသာရေးဂျီဟတ်သာ ဖြစ်ကြောင်း ပုံဖော်ရေးသားလေ့ရှိသည်။

Ba Nyunt
Forwarded from View of Sue
ခနပတွေရဲ့ တော်လှန်ရေးက ဘာသာရေး ဂျီဟတ်ပါ
ဘုန်းကြီးတွေကို သတ်တယ်၊
လူတွေကို သတ်နေတဲ့
သူတိုသတ်တဲ့ ပုံစံအများစုက မွတ်တွေလို လည်လှီးသတ်တယ်

အခုသူတိုနဲ့ ပေါင်းတိုက်နေတဲ့ သူပုန်တပ်တွေကလည်း ခရုတွေချည်းပဲ
ဗုဒ္ဓဘာသာဝင် သူပုန်တပ်ထဲကဆို
AA ကို အတင်းဆွဲခေါ်ပေမယ့် ဟိုက သူ့ဟာသူပဲတိုက်နေတာပါ

တခြား ရှမ်းတပ်၊ ပအိုဝ်တပ်၊ မွန်တပ်၊ ကရင် DKBA တပ်၊ ရှမ်းနီတပ်တွေကတော့
သူတိုတော်လှန်ရေးမှာမပါပါ

ဒါကြောင့် အခုဟာက ခရု၊ မွတ် အပေါင်း ခနပတွေရဲ့ ဘာသာရေးဂျီဟတ်ပါ
👍 126 😁 3 😱 2 9582 10:37 PM

*နွေဦးတော်လှန်ရေးအင်အားစုများကို ပုံဖော်တိုက်ခိုက်နေသော အရေးအသားများ*

NUG နှင့် PDF များသည် ရဟန်းသံဃာနှင့် ကိုရင်လေးများကို သတ်ဖြတ်ပြီး ဘုန်းကြီးကျောင်းနှင့် ဘာသာရေးအဆောက်အဦးများကို ဖျက်ဆီးနေသော အမျိုးဘာသာသာသနာ ဖျက်ဆီးမည့်သူများအဖြစ်ပုံဖော်ရေးသားလေ့ရှိသည်။ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ ခေါင်းဆောင်ပိုင်းတွင် ဘာသာခြားများကြီးစိုးနေပြီး ဘာသာခြားများ၏ ငွေကြေးထောက်ပံ့စေခိုင်းမှုကို ပြည်သူ့ကာကွယ်တပ်ဖွဲ့ဝင်များက လုပ်ဆောင်နေရကြောင်း ရေးသားကာ ၎င်းတို့ သတ်ဖြတ်ထားသော သံဃာတော်များစာရင်းကို အကြိမ်ကြိမ်ဖော်ပြလေ့ရှိသည်။ ထို့ပြင် ဗုဒ္ဓဘာသာဝင်တို့၏ အနန္တောအနန္တ (၅) ပါးတွင် ပါဝင်သော ဆရာ၊

မိုင်း ဝေ
Forwarded from Ko Thet
ထလော့..မြန်မာ
******
စစ်ဘောင်ကိုချဲ့ခဲ့တဲ့ NUG အတွက်ကတော့
နိုင်ငံရေးဘောင်ဆိုတာ မရှိသလောက်ကျဉ်း
သွားပါပြီ...

နစက အုပ်ချုပ်လိုမရအောင် အနောက်အုပ်စု
ဆီက ထောက်ပံ့ငွေကိုယူပြီး အကြမ်းဖက်လုပ်
ရပ်တွေကိုပဲ လုပ်နိုင်တော့တယ် ...

ဥပမာပေးရရင် - တချိန်က လူ/လက်နက်
အင်အား စစ်တပ်နီးပါးလောက်ရှိတဲ့၊ ပြည်သူ
အများအပြား ထောက်ခံမှုရရှိခဲ့တဲ့ ဗကပ ဘာလို
ဇိဝိန်ချုပ်သွားသလဲသိလား?

ဗုဒ္ဓဘာသာနိုင်ငံမှာ ဗုဒ္ဓဘာသာကို လာပြီး
တိုက်ခိုက်လို့...

ဒီနေ့ခေတ်မှာ လက်တစ်ဆုပ်စာလောက်ရှိတဲ့
ဗုဒ္ဓနိုင်ငံတွေကို ဘက်ပေါင်းစုံက တိုက်ခိုက်
နေကြတယ်..

ဗုဒ္ဓခံတပ်လိုခေါ်ခဲ့တဲ့ သီရိလင်္ကာလည်း
မတွေးရဲစရာဖြစ်လာပြီ...

သီရိလင်္ကာအစိုးရမှာ နိုင်ငံခြားငွေမရှိတော့ဘူး ..
ကမ္ဘာ့ဘဏ်ကို ချေးဖို့လုပ်တယ် .. ဘဏ်က ချေး
ပေးမယ် ဒါပေမယ့် နိုင်ငံရဲ့ ဘဏ္ဍာရေး Authority
ကို သူတိုထံအပ်ရမယ် ..

ကမ္ဘာ့ဘဏ်ကို Backup ပေးထားတဲ့ နိုင်ငံတွေကို
ကြည့်လိုက် .. ဘယ်ဘာသာ ကိုးကွယ်တဲ့နိုင်ငံတွေ
လည်း ဆိုတာ ..

သီရိလင်္ကာအစိုးရက ဗုဒ္ဓဘာသာကို နှိပ်ကွက်တော့
မယ်ဆိုတာသိလို လက်မခံဘူး .. ရပ်တည်နိုင်အောင်
ကြိုးစား သေးတယ် .. ဝန်ကြီးချုပ် ထွက်ပြေးသွား
ရတယ် ..

အခုတော့ အိန္ဒိယနဲ့ တရုတ်က ငွေကြေးထောက်ပံ့
ပေးမယ်ဆိုတဲ့အတွက် ဝမ်းသာတယ် .. ဘာပဲပြောပြော ဗုဒ္ဓဘာသာ မပျောက်တော့
ဘူးပေါ့ ..

ဒိုမြန်မာတွေသိဖို့က NUG ဆိုတာ အနောက်အုပ်စု
ကနေ NLD ကတစ်ဆင့် မွေးထုတ်ပေးလိုက်တဲ့
ဖျက်ပိုးဆိုတာ သိဖို့လိုမယ် ..

လေလိုင်းအစိုးရ၊ ပြည်ပြေးအစိုးရ ဖြစ်နေတဲ့
အချိန်မှာတောင် ဗုဒ္ဓဘာသာအပေါ် ဘယ်လောက် ယုတ်မာသလဲဆိုတာ မျက်မြင်ပဲ
ဖြစ်တယ် ..
ဒင်းသာ အစိုးရဖြစ်ခဲ့ရင် 🤔


NUG အနေနဲ့ မြဲမြဲမှတ်ထားဖို့က
မြန်မာနိုင်ငံမှာ စစ်သားနဲ့ ဘုရားသားတွေ
ရှိနေသရွေ့ ဗုဒ္ဓဘာသာဆိုတာ တည်မြဲနေ
မယ်ဆိုတာပါပဲ ..

နိုးထကြလော့ .. မြန်မာ
နိုးထကြလော့ .. ဗမာ

#KT
👍 107 3417 10:53 AM

*နွေဦးတော်လှန်ရေးအင်အားစုများကို ပုံဖော်တိုက်ခိုက်နေသော အရေးအသားများ*

ဆရာမများကိုလည်း သတ်ဖြတ်နေသည်ဟု ရေးသားဖော်ပြလေ့ရှိသည်။


မှိုင်း ဝေ
တစ်ရွာလုံး ဗုံးချစရာနေရာတွေ
ထဲက
ဘုန်းကြီးကျောင်းထဲ ဗုန်းဖြုတ်ချ
တယ် ။
ကိုရင်လေးတွေဗုံးစမှန်တယ် ။

တစ်မြို့လုံး ဗုံးပစ်သွင်းစရာ
နေရာတွေထဲက
ဆွမ်းလောင်းဇရပ်မှာရုံ ဆွမ်းချက်
နေတဲ့အထဲကို ဗုံးပစ်သွင်းတယ် ။

သူတို့ အာဏာရှင်ကိုတိုက်နေတယ်
ဆိုတာ ဟုတ်ပါ့မလား ။
ဘုန်းကြီးကျောင်းထဲမှာ
အာဏာရှင်ရှိလား ။
ဆွမ်းချက်မှာရုံမှာ
အာဏာရှင်ရှိလား ။

သူတို့ တိုက်နေတာ လူကို
မဟုတ်ဘဲ၊
သူတို့ ဗုဒ္ဓဘာသာကိုတိုက်နေတာ
လို့ တခဏလေးဖြစ်ဖြစ်အချိန်ပေး
တွေးကြည့်ကြပါဦး ။

မတွေးမိရင် ထပ်ပြောပါမယ် ။
နွေဦးတော်လှန်ရေးဆိုတာမှာ
သူတို့ ဓားနဲ့ခုတ်၊ သေနတ်နဲ့ပစ်
လို့ ပျံလွန်တော်မူတဲ့ ဗုဒ္ဓဘာသာဘုန်းတော်ကြီး ၅၃ပါး ရှိသွားပြီ ။


ဘုန်းတော်ကြီး ၅၃ပါးရဲ့
ရုပ်ကလပ်တွေကို စီချထားရင်
ဘောလုံးကွင်းတစ်ကွင်းစာလောက် ရှိမယ် ။
အဲဒီအထဲမှာ သက်တော် ၈၀
ဆတော် ကြီးတွေပါတယ်။
အဲဒီ ဆတော်ကြီးတွေက
အာဏာရှင်တွေလား ။

ဗုဒ္ဓဘာသာဝင်တွေ ထုံထိုင်းထိုင်း
တွေ ဖြစ်ကုန်ကြပြီ ။
လစ်ဘရယ်ဆေးမပြီးဦးနှောက် ပျက်စီးနေကြပြီ။
ဆရာတော်ကြီးတွေ ပျံလွန်တော်
မူအောင်ကျူးလွန်တာ ဓမ္မလို
ပျော်ပြကြပြီ ။

သိပ် ဝမ်းနည်းစရာကောင်းတဲ့
ယဉ်ကျေးမှု သေဆုံးခြင်းပါပဲ ။

ကျွန်တော်တို့
ဘုရားတည်တာ အစွန်းတစ်ဘက်ပါ ။
ဘုရားအဖြိုမခံရအောင်ကာကွယ် နိုင်မှ
မစ္ဆိမပဋိပဏ္ဍ သာသနာ
စောင့်ရှောက်ခြင်းဖြစ်တဲ့အကြောင်း
သာသနာပြု မင်းအပေါင်းခင်ဗျာ ။

မောင်ချိုဝေ
၂၈၊၈၊၂၀၂၂
👍 70 🤬 21 ❤️ 1 😢 1 💩 1 10.3K 10:53 AM


Kyaw Swar အမိမြေ
Forwarded from Kyaw Swar🇲🇲🇲🇲🇲🇲
လက်ရှိအခင်းအကျင်းမှာ
နစက အစိုးရကိုဆန့်ကျင်တာ
တစ်ခုတည်းမဟုတ်ပါဘူး။

ဘာသာရေး ဂျီဟက်ပါပါတယ်။

လက်ရှိ မြန်မာတို့ရဲ့ ဘာသာရေးပွဲ
တွေ လွတ်လပ်စွာ လုပ်ခွင့်မရတော့
တာကို ဗုဒ္ဓဘာသာ ကိုးကွယ်သူမှန်ရင်
သတိထားမိကြပါလိမ့်မယ်။

ဗုဒ္ဓဘာသာ ပွဲတော်တွေ ဆိုရင်
Nld pdf က ပိတ်စို့ခြိမ်းခြောက်တာတွေ
ဗုဒ္ဓဘာသာဝင်တွေ မြင်တွေ့ရမယ်
သတိတရား အသိတရားလည်း
ရှိရမယ်။

တဖက်မှာ ဝက်မစားပွဲတော်တွေ
ကိုတော့ ခမ်းခမ်းနားနား ဆုတောင်း
ခွင့်ကျင်းပခွင့်ကို Nld pdf က မနှောက်ယှက်ပဲ
မခြိမ်းခြောက်ရဲပဲ ရှိတာကိုလည်း
ထမင်းစားရတဲ့ ဗုဒ္ဓဘာသာဝင်တွေ
သတိပြုမိရမယ် ဆင်ချင်တတ်ရမယ်။

ရဟန်းသံဃာတွေကို Nldpdf ကရည်ရွယ်ချက်ရှိရှိ
သတ်ဖြတ် နေတာမျိုးကိုလည်း
အသိရှိရမယ် သတိရှိရမယ်။

ဒါတွေဟာ ဘာသာရေးဂျီဟက်
သူတို့ရဲ့နောက်ကွယ်မှာ oic ပက်သက်
နေတယ် ဆိုတာမျိုးကို ဗုဒ္ဓဘာသာဝင်
တွေက နားလည်ရမယ်။

မိရိုးဖလာလောက် နဲ့ ပေါ့တော့တော့
မြင်လို့မရပါဘူး။

ဘာကြောင့်လုပ်နေတယ် ဆိုတာသိရမယ်

အကြောင်းအရာ တစ်ခု သတင်းတစ်ခု
တိုင်းမှာ နောက်ကွယ်က ပက်သက်မှုတွေ
အများကြီးရှိပါတယ်။

မြန်မာပြည်ကို မြန်မာစစ်တွေအုပ်ချုပ်
နေတာ

မျိုးမစစ် တွေ မပါပါဘူး။

စစ်အာဏာရှင်ကို မကြိုက်ရင် စစ်တပ်ကို
တိုက်လို့ရတယ် စိန်ခေါ်ထားပြီးသားလေ။

ယနေ့ ပြည်သူနဲ့ ဘာသာတရားကို ခုတုံးလုပ်
ပြီး အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်
နေတာဟာ နောက်ကွယ်က အကြောင်းအရာ
တွေ ပက်သက်မှုတွေ အများကြီးရှိပါတယ်။

Kyaw swar
👍 198 😁 10 5087 Kyaw Swar, 11:09 PM

*နွေဦးတော်လှန်ရေးအင်အားစုများကို ပုံဖော်တိုက်ခိုက်နေသော အရေးအသားများ*

တော်လှန်ရေးတွင် ပါဝင်သော ရဟန်းသံဃာများကိုလည်း နှိမ့်ချပြောဆိုလေ့ရှိပြီး ဖမ်းဆီးရန် သတင်းပေး တိုက်တွန်းမှုများပြုလုပ်ကြသည်။ စစ်တပ်၏ ဖမ်းဆီးခြင်းကို မခံရရန် ဘုန်းကြီးဝတ်ဖြင့် ဟန်ဆောင်နေကြကြောင်းနှင့် စစ်တပ်မှ ဖမ်းဆီးသော သံဃာတော်များကို သံဃာတုများအဖြစ် ပုံဖော်စွပ်စွဲ ပြောဆိုမှုများကိုလည်း တွေ့ရသည်။ စစ်ကောင်စီနှင့် ဆက်နွယ်သော ဘုန်းကြီးများကို ဝေဖန်ရေးသားသော သတင်းမီဒီယာများ၊ တော်လှန်ရေးတွင်ပါဝင်သူများကို ဘာသာရေးသွေးခွဲနေသူများ၊ သာသနာဖျက်များ အဖြစ် ပုံဖော်ရေးသားလေ့ရှိသည်။ စစ်အာဏာရှင်ကို ဆန့်ကျင်တော်လှန်သူများကို ဖမ်းဆီးရန် သတင်းပေး ရေးသားရာတွင်လည်း ဗုဒ္ဓဘာသာနှင့် သံဃာများကို စော်ကားသူများအဖြစ် ထည့်သွင်းဖော်ပြလေ့ရှိ

တပ်ကြပ်ကြီး ဖိုးစိ🇲🇲

Mizzima - News in Burmese
7 hours ago ·

စစ်ကောင်စီက သံဃာတော် ၅ပါးနှင့် ဘုန်းကြီးကျောင်းသား ၃ဦးတို့ကို ထောင်ဒဏ် ၃နှစ်အသီးသီး ချမှတ်
====================... See more



ဒီကိုယ်တော်တွေက သံဃာ အစစ်မှမဟုတ်တာ။ ဆန္ဒပြတယ်။ ပြီးရင် ကျောင်းတိုက်ထဲ ဝင်ပုန်းတယ်။ ဖမ်းမိတုန်းကတောင် အဲ့ဒီကျောင်းမှာ ဆန္ဒပြတဲ့ Vinyl တွေ နဲ့အတူ လက်ပူး လက်ကြပ်ဖမ်းမိထားခဲ့တာပဲလေ။ နိုပေါ တွေက အတော်လည်း တရားကျစရာ ကောင်းတယ်။ ဒီလို သံဃာတုကျတော့ ဆရာ တင်ပြီး ဘာမှ ဝင်မပြောတဲ့ ဆရာတော်တွေကျ ဝင်မပြောရကောင်းလားဆိုပြီး အပြစ်တင်ဝေဖန်နေလေရဲ့။ နိုပိန်းတွေ လော့ဂျစ်က ရှင်းတယ်။ သူတို့နဲ့တူရင်တူ မတူရင်တော့ ရန်သူပဲ။ #ဖိုးစိ

169 ❤️ 4 11.3K 9:01 AM

7 comments

Sitt Kell Gyi (သတင်းတမာန်) 🇲🇲



PDFဆိုတာ ကြိုးဆွဲရာ ကကြသူတွေပါ။
ကီလားကငွေပေးတိုက်နေသလို
ခရစ်ကလည်းလက်နက်ပေးတိုက်နေကြတယ်
ဘာကိုတိုက်နေကြသလဲ.....?
နိုင်ငံရေး နိုင်ငံရေးပြောနေကြပေမဲ့
နိုင်ငံရေးက အဓိကမဟုတ်ပါဘူး။
ခေါင်းစဉ်တပ်ခံရတာပဲရှိတာပါ။
တကယ့် တကယ်က....ဘာသာရေးဗျ...ဘာသာရေး...
မယုံဘူးလား.....?
စစ်ကိုင်းတိုင်းက သက်သေပဲ။
၁၂.၀၆.၂၀၂၂


104 ❤️ 5 5373 8:12 AM

1 comment

*နွေဦးတော်လှန်ရေးအင်အားစုများကို ပုံဖော်တိုက်ခိုက်နေသော အရေးအသားများ*

သည်။ တော်လှန်ရေးတွင် ပါဝင်လုပ်ဆောင်နေသူများနှင့် ထောက်ခံသူများသည် ခရစ်ယာန်ဘာသာဝင်များဖြစ်သည့် KIA တပ်ဖွဲ့ဝင်များကျဆုံးသည်ကို ဝမ်းနည်းကြပြီး ခရစ်ယာန်သင်းအုပ်ဆရာများ သတ်ဖြတ်ခံရသည့် အခါတွင်လည်း အကျယ်တဝံ့ ဖော်ပြလေ့ရှိသော်လည်း ဗုဒ္ဓဘာသာဝင်များ၊ သံဃာတော်များ သတ်ဖြတ်ခံရသည့်အခါတွင်မူ ဝမ်းနည်းခြင်းမရှိဘဲ ဒလန်အဖြစ် ခေါင်းစဉ်တပ်ကြသည်ဟု ချိတ်ဆက်ဖော်ပြကြသည်။ ကိုရင်လေးများ မိုင်းထိသည့်အခါ နှုတ်ပိတ်နေကြပြီးဗုံးကွဲ၍ အစ္စလာမ်ဘာသာဝင်များ ဒဏ်ရာရသောအခါမှ ဖြေရှင်းချက်ထုတ်ကြသည်ဟုလည်း နှိုင်းယှဉ်ရေးသားလျက်ရှိသည်။ ထို့ပြင် ခရစ်ယာန်များ ဘုရားကျောင်းသွားခြင်း၊ အစ္စလာမ်ဘာသာဝင်များ ဗလီတက်ခြင်းနှင့် သက်ဆိုင်ရာ နေ့ထူးနေ့မြတ်များ ဆင်နွှဲခြင်းကို တားမြစ်ဝေဖန်ခြင်းမရှိဘဲ ဗုဒ္ဓဘာသာဝင်များ ဘုရားသွားခြင်း၊ နေ့ထူးနေ့မြတ်များဆင်နွှဲခြင်းနှင့် အလှူအတန်းပြုလုပ်ခြင်းတို့ကိုမူ ပြစ်တင်တားဆီးခြိမ်းခြောက်ကြသည်ဟုနှိုင်းယှဉ်ရေးသားလေ့ရှိသည်။ ဘုရားကျောင်းများ၊ ဗလီများ ငြိမ်းချမ်းနေပြီး နွေဦးတော်လှန်ရေးသည် သံဃာနှင့် ဗုဒ္ဓဘာသာကို ဂျီဟတ်လုပ်နေကြခြင်းဖြစ်သည်ဟု ပုံဖော်ရေးသားကြပါသည်။





*နွေဦးတော်လှန်ရေးအင်အားစုများကို ပုံဖော်တိုက်ခိုက်နေသော အရေးအသားများ*

## ၂.၆ စစ်အုပ်စုအား တွန်းတင်ပုံဖော်ခြင်း


အမျိုးသားရေးအစွန်းရောက်များသည် စစ်တပ်ရှိနေသဖြင့်သာ လူမျိုးဘာသာပျောက်ကွယ်မသွားခြင်း၊ ပြည်ထောင်စုကြီးမပြိုကွဲခြင်းဖြစ်သည်ဟု အစဉ်အမြဲထောက်ခံပြောဆိုလေ့ရှိသည်။ ၂၀၂၁ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင်လည်း စစ်ကောင်စီကိုထောက်ခံသည့် လူမှုကွန်ယက်စာမျက်နှာများတွင် ဗုဒ္ဓဘာသာနှင့် ဗမာလူမျိုးကို ဦးစားပေးရေးသားသည့် လူမျိုးကြီးဝါဒလွှမ်းမိုးနေသောအကြောင်းအရာအမျိုးအပြားကို တွေ့ရပြီး စစ်တပ်ကသာလျှင် အမျိုးဘာသာနှင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်မည့်တခုတည်းသော အဖွဲ့အစည်းဖြစ်ကြောင်း ပုံဖော်ရေးသားကြသည်များကို တွေ့ရှိရပါသည်။ လက်ရှိနွေဦးတော်လှန်ရေးကာလတွင် ပြည်ပနိုင်ငံများ၊ ၎င်းတို့၏ လက်ဝေခံမီဒီယာများနှင့်EROs(လူမျိုးစုတော်လှန်ရေးအဖွဲ့များ – Ethnic Revolution Organizations) များအပါအဝင် တော်လှန်ရေးအင်အားစုများသည် ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုများကို ပျက်စီးစေရန်၊ တိုင်းပြည်ကို အစိတ်စိတ်အမွှာမွှာကွဲစေရန် ဝိုင်းဝန်းလုပ်ဆောင်နေကြသဖြင့် တိုင်းပြည်၊ လူမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ်ရန် စစ်တပ်တွင် အပြည့်အဝတာဝန်ရှိသည့်အတွက် စစ်တပ်၏အခန်းကဏ္ဍမှာ ပိုမိုအရေးပါလာကြောင်း ပုံဖော်ရေးသားလာကြပါသည်။




*စစ်အုပ်စုကို တွန်းတင်ပုံဖော်နေပုံ*

သူအဖြစ် သတ်မှတ်ပုံဖော်ကာ "ဘုရားဒကာ" ဟု ခေါ်ဝေါ်သုံးစွဲသည်ကို တွေ့ရသည်။ ကုန်ဈေးနှုန်းကြီးမြင့်လာခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ အောက်ခြေတွင် အဆင်မပြေမှုများကြောင့် အမျိုးသားရေးအစွန်းရောက်အချို့က စစ်ကောင်စီအပေါ် ဝေဖန်ပြောဆိုမှုများကို တွေ့ရသည့်တိုင် ပြည်ပနိုင်ငံများနှင့် တော်လှန်ရေးအားထောက်ခံသည့် လုပ်ငန်းရှင်များကြောင့်သာဖြစ်သည်ဟု ကောက်ချက်ချသည်ကိုလည်း တွေ့ရသည်။ ရာဇဝတ်မှုများပြားလာခြင်းနှင့် တော်လှန်ရေးအင်အားစုများကို ထိန်းချုပ်နိုင်မှုမရှိခြင်းတို့အပေါ် ဝေဖန်ပြောဆိုခြင်းများ ရှိကြသော်လည်း မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကွယ်ပျောက်မသွားစေရန် စစ်တပ်မှကာကွယ်စောင့်ရှောက်ပေးနေရသည်ဟု ရေးသားလေ့ရှိသည်။

စစ်တပ်မှ ဖမ်းဆီးသတ်ဖြတ်ခြင်းခံရသည့် နွေဦးတော်လှန်ရေးတွင် ပါဝင်သော သံဃာတော်များကို သံဃာအတုများအဖြစ်စွပ်စွဲပြောဆိုကြသော်လည်း စစ်ကောင်စီမှလက်နက်တပ်ဆင်ပေးသောပြည်သူ့စစ်များကို ဦးဆောင်ဖွဲ့စည်းသော သံဃာများနှင့် လက်နက်ကိုင်ဆောင်သော သံဃာများကိုမူ အမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ်သည့် သူရဲကောင်းများအဖြစ် ပုံဖော်၍ ချီးကျူးပြောဆိုကြသည်ကို တွေ့ရပါသည်။










*စစ်အုပ်စုကို တွန်းတင်ပုံဖော်နေသော အရေးအသားများ*



# ၃ အမျိုးသားရေးအစွန်းရောက်အင်အားစုများ၏ လက်ရှိနိုင်ငံရေးအခင်းအကျင်းတွင် လက်တွေ့ပါဝင်လုပ်ဆောင်နေမှုများ

စစ်အာဏာသိမ်းပြီးနောက်တွင် စစ်တပ်ထောက်ခံပွဲများနှင့် တော်လှန်ရေးအင်အားစုကို ဆန့်ကျင်ရှုတ်ချပွဲများကို အမျိုးသားရေးအစွန်းရောက်အင်အားစုများက ဆက်လက်လုပ်ဆောင်ခဲ့သည်။ အမျိုးသားရေးအစွန်းရောက်များသည် တဦးချင်းအလိုက် စစ်တပ်ကို ထောက်ခံပြောဆိုခြင်း၊ စစ်တပ်ထောက်ခံပွဲများကို အချိန်ကိုက်ကျင်းပခြင်း၊ အမျိုးဘာသာသာသနာအတွက် ဝါဒဖြန့်ပြောဆိုခြင်းများအပြင် လစ်ဟာသွားသော နိုင်ငံရေးဆိုင်ရာ နယ်ပယ်ကဏ္ဍများတွင် နေရာရယူရန် ကြိုးပမ်းလာသည်ကို တွေ့ရသည်။ ပညာရေးနယ်ပယ်သို့ ချဲ့ထွင်ရန် ကြိုးပမ်းနေမှုများရှိသကဲ့သို့ နိုင်ငံရေးပါတီများ၊ သတင်းမီဒီယာနယ်ပယ်နှင့် လက်နက်ကိုင်ပြည်သူ့စစ်ဖွဲ့စည်းမှုများတွင် သိသိသာသာ ဝင်ရောက်လှုပ်ရှားလာသည်ကိုလည်း တွေ့ရပါသည်။

## ၃.၁ စစ်တပ်ထောက်ခံပွဲများ၊ တော်လှန်ရေးအင်အားစုကို ဆန့်ကျင်ရှုတ်ချပွဲများနှင့် တဦးချင်းဝါဒဖြန့်မှုများ

အမျိုးသားရေးအစွန်းရောက်အင်အားစုသည် စစ်ကောင်စီ၏ ကျောထောက်နောက်ခံဖြင့် စစ်တပ်ထောက်ခံပွဲနှင့် တော်လှန်ရေးအင်အားစုများကို ဆန့်ကျင်ရှုတ်ချပွဲများကို နိုင်ငံရေးအခြေအနေများအလိုက် အချိန်ကိုက်လုပ်ဆောင်လေ့ရှိသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီတွင် စစ်အာဏာရှင်ကို ငြိမ်းချမ်းစွာဆန္ဒပြသူများကို တန်ပြန်သည့် စစ်တပ်ထောက်ခံပွဲများကို ပြုလုပ်ခဲ့သည်။ ***(တင်အောင်ခိုင်, 2021)*** အောက်တိုဘာ ၂၆ တွင် စတင်ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် စစ်ကောင်စီဥက္ကဋ္ဌ မင်းအောင်လှိုင်ကို အာဆီယံက တက်ရောက်ခွင့်မပြုခဲ့ပေ။ ထို့ကြောင့် အောက်တိုဘာ ၂၅ နှင့် ၂၆ တွင် စစ်တပ်ထောက်ခံပွဲများကို နိုင်ငံအနှံ့ တပြိုင်နက်တည်း ပြုလုပ်ခဲ့သည်။ ***(Myanmar Now, 2021) (Myanmar Now, 2021a)*** တော်လှန်ရေးအင်အားစုက ဗုဒ္ဓဘာသာကို ဖျက်ဆီးရန် ကြိုးပမ်းနေသည်ဟု ပုံဖော်ရန်အတွက် နိုဝင်ဘာ ၁၇ တွင် မန္တလေး၌ မိုက်ကယ်ကျော်မြင့်နှင့် မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂအဖွဲ့မှ "အပြစ်မဲ့သံဃာများကို အကြမ်းဖက်နေမှုများ ချက်ချင်းရပ်" ဟူသော ဆိုင်းဘုတ်ဖြင့် ဆန္ဒပြခဲ့ကြသည်။" ***(MFP, 2021)***



*မန္တလေးတွင် မိုက်ကယ်ကျော်မြင့်နှင့် မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂအဖွဲ့မှ ဆန္ဒပြနေပုံ (ရင်းမြစ် – Mandalay Free Press, 2021)*

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၃၁ နှင့် ဖေဖော်ဝါရီ ၁ တွင် စစ်အာဏာသိမ်းမှု နှစ်ပတ်လည်နေ့အတွက် စစ်တပ်ထောက်ခံပွဲများပြုလုပ်ခဲ့သည်။ ***(RFA, 2022) (RFA, 2022b) (ဒီဗွေဦး, 2022) (The Irrawaddy, 2022)*** မေ ၁၆ တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများ ဆန့်ကျင်ရှုတ်ချပွဲကို နေပြည်တော်တွင် ပြုလုပ်ခဲ့သည်။ ***(မင်းမင်း, 2022)*** ဦးဂျင်မီနှင့် ဦးဖြိုးဇေယျာသော်အပါအဝင် နိုင်ငံရေးအကျဉ်းသား (၄) ဦးကို သေဒဏ်စီရင်ပြီးကြောင်း ဇူလိုင် ၂၅ တွင် စစ်ကောင်စီက နိုင်ငံပိုင်သတင်းစာများတွင် တရားဝင် ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ဇူလိုင် ၂၇ တွင် ဦးဂျင်မီနှင့် ဦးဖြိုးဇေယျာသော်၏ မိသားစုဝင်များနေထိုင်ရာ နေအိမ်များသို့ စစ်တပ်ထောက်ခံသူများက အုပ်စုဖွဲ့လာရောက်ကာ သေဒဏ်ပေးခြင်းကို ထောက်ခံကြောင်း ပြောဆိုပြီး တိုက်ခိုက်ခြိမ်းခြောက်မှုများပြုလုပ်ခဲ့ကြသည်။ ဇူလိုင် ၂၉ တွင် မြို့တော်ခန်းမရှေ့၌ သေဒဏ်ထောက်ခံပွဲကို ပြုလုပ်ခဲ့သည်။ ***(ကိုချို, 2022)*** ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံခွင့်ရခဲ့သော စစ်ကောင်စီဥက္ကဋ္ဌ မင်းအောင်လှိုင်ကို စက်တင်ဘာ ၁၁ တွင် နေပြည်တော် လေဆိပ်၌ ကြိုဆိုထောက်ခံခဲ့ကြသည်။ ***(ရောင်နီ, 2022)*** တော်လှန်ရေးအင်အားစုက ဗုဒ္ဓဘာသာကို ဦးတည်တိုက်ခိုက်နေသည်ဟု ပုံဖော်ရန်အတွက် အောက်တိုဘာ ၁၄ တွင် မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂအဖွဲ့မှ ဦးဆောင်၍ ဘုရားဖူးပြည်သူများကို အကြမ်းဖက်ခြင်းများရပ်တန့်ရန် KNU, NUG, PDF တို့အား ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ ***(မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂအဖွဲ့မှဦးဆောင်ဆန္ဒပြ, 2022)***



*မန္တလေးမြို့တွင် ပြုလုပ်သော အာဏာသိမ်း ၁ နှစ်ပြည့် တပ်ထောက်ခံပွဲ (ရင်းမြစ် – The Irrawaddy, 2022)*



*မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂအဖွဲ့မှ ဦးဆောင်ဆန္ဒပြနေပုံ (ရင်းမြစ် – Facebook, 2022)*

NLD အစိုးရလက်ထက်တွင် ဖမ်းဆီးခံရသော အမျိုးသားရေးအစွန်းရောက်အဖြစ် ထင်ရှားသည့် ဦးဝီရသူကို စစ်အာဏာသိမ်းပြီးနောက် ၇ လကျော် အကြာ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၇ တွင် စစ်ကောင်စီက လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ ဦးဝီရသူ ရေးသားထားသော "အင်းစိန်တောရဆောင်းပါးများ" နှင့် "ပြည်သူ့မှာတမ်း" ဟူသော စာအုပ် ၂ အုပ်ကို စျေးကွက်တွင် ဖြန့်ဝေလျက်ရှိသည်။ ဦးဝီရသူသည် စစ်တပ်ကို ထောက်ခံရေးသားသော အမျိုးသားရေး အခြေပြု မီဒီယာများ၏ ရုပ်သံအင်တာဗျူးများမှ တဆင့် ဘာသာရေးအစွန်းရောက်လှုံ့ဆော်မှုများ လုပ်ဆောင်လျက်ရှိသည်။ နွေဦးတော်လှန်ရေးကို ဘာသာရေးလူသတ်ပွဲအဖြစ် ဦးဝီရသူမှ ပုံဖော်ပြောဆိုသည်ကို တွေ့ရသည်။ အမျိုးသားညီညွတ်ရေး အစိုးရ၏ နောက်ကွယ်တွင် ဘာသာခြား၊ လူမျိုးခြားများရှိနေပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို ငွေကြေး၊ မူးယစ်ဆေးဝါးများဖြင့် စည်းရုံးကာ သံဃာတော်များကို အကြမ်းဖက်သတ်ဖြတ်ရန်၊ ဗုဒ္ဓဘာသာဝင်အချင်းချင်း သတ်ဖြတ်ရန် စေခိုင်းနေသည်ဟု စွပ်စွဲပြောဆိုခဲ့သည်။ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို ဘုရားကဲ့သို့ ကိုးကွယ်ခဲ့သဖြင့် NLD အစိုးရလက်ထက် အစိုးရဌာနများတွင် ဘုရားပျောက်ခဲ့ပြီး လစ်ဘရယ်ဝါဒတွင်လည်း အမျိုးသားရေးကို ပစ်ပယ်၍မရဟု လိုရာစွဲပြောဆိုသည်ကို တွေ့ရသည်။ အကျိုးစီးပွားနှင့် အချုပ်အခြာအာဏာသည်သာ အရေးကြီးဆုံးဖြစ်ပြီး အမျိုးဘာသာသာသနာနှင့် ယဉ်ကျေးမှုကိုမပျောက်ကွယ်ရန်အတွက် ခေါင်းဆောင်၏ အခန်းကဏ္ဍမှာ အရေးကြီးသည်ဟု ဦးစားပေးပုံဖော်ပြောဆိုခဲ့သည်။ အမျိုးသားရေးဝါဒသည် အစ္စလာမ်ဘာသာကို ဆန့်ကျင်ရန် မဟုတ်သော်လည်း တိုင်းရင်းသားနှင့် နိုင်ငံသားတွင် တိုင်းရင်းသားကို ဦးစားပေးရမည်ဟု ခွဲခြားပြောဆိုထားသည်ကို တွေ့ရသည်။ စစ်တပ်ချမှတ်ထားသော လမ်းကြောင်းနှင့် ထိန်းညှိကာ အမျိုးသားအကျိုးစီးပွားအတွက်ပြုလုပ်မည့် စီမံကိန်းအများအပြားရှိသည်ဟုလည်း ပြောဆိုခဲ့သည်။

## ၃.၂ ပညာရေးနယ်ပယ်သို့ ချဲ့ထွင်ရန် ကြိုးပမ်းခြင်း


အမျိုးသားရေးအစွန်းရောက်ဘုန်းကြီးများမှဦးဆောင်ကာ အမျိုးသားရေးကျောင်းများကို "မဟော်သဓာကိုယ်ပိုင် အထက်တန်းကျောင်း" အမည်ဖြင့် ရန်ကုန်နှင့် တောင်ကုတ် တို့တွင် စစ်အာဏာမသိမ်းမီကပင် တည်ထောင်ခဲ့ပြီးဖြစ်သည်။ ယခုအခါ အမျိုးသားရေး အစွန်းရောက်ဘုန်းကြီးများမှ ပညာရေးနယ်ပယ်သို့ ကျယ်ပြန့်စွာဝင်ရောက်လာနိုင်ရန် ဆက်လက်ကြိုးပမ်းလာသည်ကို တွေ့ရသည်။ အာဏာသိမ်းစစ်အုပ်စုလက်ထက်တွင် ပအိုဝ်းဒေသ၌ မဟော်သဓာကိုယ်ပိုင်အထက်တန်း ကျောင်းဖွင့်လှစ်ရန် အမျိုးသားရေးအစွန်းရောက်ဘုန်းကြီး ဦးပညာနန္ဒက ခွင့်ပြုချက်ရရှိခဲ့သည်။ ထို့ပြင် မွန်နှင့် ကရင်တို့တွင်လည်း ဆောက်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်။ အမျိုးသားရေးအစွန်းရောက်ဘုန်းကြီး ဦးဝီရသူက NLD အစိုးရလက်ထက်ကဆောက်လုပ်ခွင့်ပိတ်ပင်ခဲ့သောမန္တလေးရှိ မဟော်သဓာကိုယ်ပိုင်အထက်တန်းကျောင်းကို ဆက်လက်ဆောက်လုပ်ရန်ကြိုးပမ်းလာခဲ့သော်လည်း ယခုချိန်ထိ ခွင့်ပြုမိန့်မရသေးပေ။ အမျိုးသားရေး အခြေခံအုတ်မြစ်ချပေးရန်၊ အမျိုးဘာသာသာသနာအတွက် မဟော်သဓာကိုယ်ပိုင်အထက်တန်းကျောင်းကို တည်ထောင်ရန် ရည်ရွယ်သည်ဟု ဦးဝီရသူမှ ပြောကြားထားသည်။


အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာပညာရေးဌာန (IBEC) ကို ဦးသောဘိတမှ ၂၀၀၈ တွင် စတင်တည်ထောင်ခဲ့သည်။ ဦးသောဘိတသည် စစ်ကောင်စီကို အနည်းငယ်သာ ဝေဖန်ပြောဆိုခြင်းပြုလုပ်သော်လည်း တော်လှန်ရေးအင်အားစုကို ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်ကာ ဗုဒ္ဓဘာသာကို ဖျက်ဆီးမည့် အစွန်းရောက်အကြမ်းဖက်များအဖြစ် ပုံဖော်ပြောဆိုလျက်ရှိသည်။ ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၂၁ တွင် ကမ္ဘာ့ငြိမ်းချမ်းရေးနိုင်ငံတကာညီလာခံ၌ တော်လှန်ရေးအင်အားစုမှ ဗုဒ္ဓဘာသာကို ဆန့်ကျင်တိုက်ခိုက်လျက်ရှိပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီး ၅၄ ပါးကို

သတ်ဖြတ်ခဲ့သည်ဟု ပြောဆိုခဲ့သည်။ ထို့အပြင် လက်နက်ကိုင်တော်လှန်ရေး အင်အားစုများကို အကြမ်းဖက်အဖွဲ့အစည်းများအဖြစ်လည်းထိုညီလာခံတွင် ပုံဖော်ပြောဆိုခဲ့သည်။ ကျောင်းသားကျောင်းသူများကို မိန့်ခွန်းပြောကြားသည့်အခါတွင်လည်း တော်လှန်ရေးအင်အားစုကိုရည်ညွှန်းကာဗုဒ္ဓသာသနာတော်ကိုမလိုလားသောအစွန်းရောက်နိုင်ငံရေးသမား၊ တော်လှန်ရေးသမားများ၊ နိုင်ငံတကာယောင်ယောင်ကောင်များဟု ပုံဖော်ပြောဆိုခဲ့သည်။ ဗုဒ္ဓဘာသာနိုင်ငံဖြစ်သော မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဘုန်းကြီးများ သတ်ဖြတ်ခံနေရပြီး မြန်မာပြည်မှ ဗုဒ္ဓသာသနာ ပျောက်ကွယ်သွားရန်အတွက်နည်းမျိုးစုံဖြင့်တိုက်ခိုက်နေသော နိုင်ငံရေးသမားများနှင့် နိုင်ငံတကာအဖွဲ့အစည်းများရှိသည်ဟု စွပ်စွဲပြောဆိုလျက်ရှိသည်။ လူ့အခွင့်အရေးကို အကြိမ်ကြိမ် ပြောဆိုသော်လည်း ရိုဟင်ဂျာများလူမျိုးသုဉ်းသတ်ဖြတ်ခံရခြင်းအပေါ် ရိုဟင်ဂျာလူမျိုးစုအတွက်ပြတ်ပြတ်သားသားရပ်တည်ပြောဆိုခြင်း မရှိသည်ကို တွေ့ရသည်။

## ၃.၃ နိုင်ငံရေးပါတီများ


၂၀၁၅ နှင့် ၂၀၂၀ ရွေးကောက်ပွဲများတွင် လူမျိုးရေး၊ ဘာသာရေးကိုအခြေခံသောနိုင်ငံရေးပါတီအများအပြား ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ကြံ့ခိုင်ရေးပါတီတခုသာ မဲဆန္ဒနယ်အချို့တွင် အနိုင်ရခဲ့သည်။ ၂၀၂၀ ရွေးကောက်ပွဲအပြီးတွင် ကြံ့ခိုင်ရေးပါတီမှ သတင်းစာရှင်းလင်းပွဲများ ဆက်တိုက်လုပ်ဆောင်ခဲ့ပြီး စစ်တပ်နှင့်ရွေးကောက်ပွဲကော်မရှင်ပူးပေါင်းပြီးရွေးကောက်ပွဲပြန်လည်ကျင်းပပေးရန် တောင်းဆိုခဲ့သည်။ ကြံ့ခိုင်ရေးပါတီထောက်ခံသူများက ရွေးကောက်ပွဲရလဒ်ကို ဆန့်ကျင်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည်။ ကြံ့ခိုင်ရေးပါတီနှင့် မိတ်ဖက်ပါတီ (၁၈) ပါတီက ရွေးကောက်ပွဲနှင့် ပတ်သက်၍နိုင်ငံတော်သမ္မတထံ အိတ်ဖွင့်ပေးစာပေးခဲ့ရာ တုံ့ပြန်မှုမရသဖြင့် လက်ရှိ ကြံ့ခိုင်ရေးပါတီဥက္ကဋ္ဌဖြစ်လာသူ ဦးခင်ရီက "ပြန်မလာဘူးဆိုတော့ ဥပဒေဘောင်အတွင်းက တဆုံးတစ ကျွန်တော်တို့လုပ်ပါမယ်။ ဘာဆိုတာတော့ မပြောပါရစေနဲ့" ဟူ၍ စစ်အာဏာသိမ်းမှုကို ရည်ရွယ်ကာ ပြောဆိုခဲ့သည်ကို တွေ့ရသည်။ ***(NLAN, 2020)*** စစ်အာဏာသိမ်းမှုမတိုင်မီတွင် မိုက်ကယ်ကျော်မြင့်၏ အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီမှ အမျိုးသားရေးအစွန်းရောက်များကို ဦးဆောင်၍ စစ်တပ်ထောက်ခံပွဲများကို ဆက်တိုက်ပြုလုပ်ခဲ့သည်။






| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးသန်းဌေး | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | - |
| ၂။ | ဦးမြင့်ဦး | CEC | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | - |
| ၃။ | ဦးသန်းထွန်း | ဒုဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ | - |
| ၄။ | Dr.နေဇင်လတ် | ဥက္ကဋ္ဌ | အမျိုးသားတိုးတက်ရေးပါတီ | - |
| ၅။ | ဦးအောင်ဇင် | ထွေ တွင်း/မှူး | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | - |
| ၆။ | ဦးတင့်ဆွေ | ဒုဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | - |
| ၇။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | - |

*ကြံ့ခိုင်ရေးပါတီအပါအဝင် ပါတီ (၂၈) ပါတီ၏ သဘောထားထုတ်ပြန်ချက် (ရင်းမြစ် – Myanmar Pressphoto Agency, 2021)*



၄

| | | | |
|---|---|---|---|
| ၂၀။ | ဦးမင်းသူ | ဥက္ကဋ္ဌ | ပြည်ထောင်စုလယ်သမား အလုပ်သမား အင်အားစုပါတီ |
| ၂၁။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ |
| ၂၂။ | ဦးကျော်စိန် | ဥက္ကဋ္ဌ | အမျိုးသားတိုးတက်မြင့်မားရေးပါတီ |
| ၂၃။ | ဒေါ်နန်းရွှေကြာ | ပူးတွဲဥက္ကဋ္ဌ | ဝံသာနုဒီမိုကရက်တစ်ပါတီ |
| ၂၄။ | ဦးအောင်သန်း | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်ထောင်စုပါတီ |
| ၂၅။ | ဦးဝဏ္ဏစိုး | ဥက္ကဋ္ဌ | ဗမာပြည်သူ့ပါတီ |
| ၂၆။ | ဦးကျော်ထွန်းနိုင် | ဒုဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ |
| ၂၇။ | ဦးအောင်မျိုးနိုင် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား၊ အလုပ်သမားပြည်သူ့ပါတီ |
| ၂၈။ | ဦးစောဘလီစံလှ | ဒုဥက္ကဋ္ဌ | ကရင်ပြည်သူ့ပါတီ |



၃

| | | | |
|---|---|---|---|
| ၈။ | ဦးသိမ်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ |
| ၉။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ |
| ၁၀။ | ဦးမျိုးညွန့် | ဥက္ကဋ္ဌ | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ |
| ၁၁။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ |
| ၁၂။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| ၁၃။ | ဦးဌေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ |
| ၁၄။ | ဦးကျော်မြင့် | ဥက္ကဋ္ဌ | အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ |
| ၁၅။ | ဦးမင်းမင်းထွန်း | ဥက္ကဋ္ဌ | ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ |
| ၁၆။ | ဦးဌေးအောင် | ဥက္ကဋ္ဌ | ပြည်သူ့အင်အားပါတီ |
| ၁၇။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ |
| ၁၈။ | ဦးသောင်းဦး | ဒုဥက္ကဋ္ဌ | ၈၈ မျိုးဆက်ဒီမိုကရေစီပါတီ |
| ၁၉။ | ဦးဆိုင်ပေါင်းနပ် | ဥက္ကဋ္ဌ | 'ဝ' အမျိုးသားပါတီ |

*ကြံ့ခိုင်ရေးပါတီအပါအဝင် ပါတီ (၂၈) ပါတီ၏ သဘောထား ထုတ်ပြန်ချက် (ရင်းမြစ် – Myanmar Pressphoto Agency, 2021)*

စစ်အာဏာသိမ်းပြီးနောက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ တွင် စစ်ကောင်စီခန့်အပ်ထားသော ရွေးကောက်ပွဲ ကော်မရှင်အသစ်နှင့် နိုင်ငံရေးပါတီ (၅၃) ပါတီ တွေ့ဆုံခဲ့သည်။ ***(The Irrawaddy, 2021)*** အဆိုပါ နိုင်ငံရေးပါတီများတွင် အမျိုးသားရေးကို အခြေခံသော ပါတီအများအပြား ပါဝင်ခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၄ တွင် ကြံ့ခိုင်ရေးပါတီအပါအဝင် နိုင်ငံရေးပါတီ (၂၈) ပါတီက စစ်တပ်က ရွေးကောက်ပွဲ မဖြစ်မနေ ကျင်းပမည်ကို ကြိုဆိုကြောင်း၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို သီးခြားပြန်လည်ဖွဲ့စည်းခြင်းက ကာလတိုအတွင်း လျင်မြန်စွာ ပြိုလဲကျိုးပေါက်သွားခဲ့သော အမျိုးသားရေး တံတိုင်းများကိုပြန်လည်ထူမတ်ခြင်း၊လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ပေါ်စေနိုင်ခြင်းတို့ အတွက် အဓိကအထောက်အပံ့ဖြစ်မည်ဟု ရှုမြင်ကြောင်း ပူးတွဲသဘောကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ***(MPA, 2021)*** ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၈ တွင် ကြံ့ခိုင်ရေးပါတီအပါအဝင် နိုင်ငံရေးပါတီ (၂၃) ပါတီက ဦးကျော်မိုးထွန်းကို မြန်မာနိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖြစ် တင်သွင်းလျှောက်ထားမှုကို ကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်ခဲ့သည်။ ***(USDP Facebook page, 2021)*** ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၈ တွင် ကြံ့ခိုင်ရေးပါတီအပါအဝင် နိုင်ငံရေးပါတီ (၂၆) ပါတီက စစ်ကောင်စီ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ သက်ဆိုင်သူများ တက်ရောက်ကြရန် ပူးတွဲသဘောထားထုတ်ပြန်ခဲ့ကြသည်။ ***(One News Myanmar, 2022)***

၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပရန် စစ်ကောင်စီမှ ကြိုးပမ်းနေသည်ကို တွေ့ရသည်။ ရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ပြောင်းလဲကျင့်သုံးရန် တွင်တွင်ကျယ်ကျယ် လုပ်ဆောင်လာသည်။ ရွေးကောက်ပွဲနှင့် ပတ်သက်သော

ဥပဒေများကိုပြင်ဆင်ရေးဆွဲလျက်ရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအသစ်ပြဋ္ဌာန်းရန် ရေးဆွဲလျက်ရှိသည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာတွင် ကြံ့ခိုင်ရေးပါတီမှ ဥက္ကဋ္ဌအပြောင်းအလဲပြုလုပ်ခဲ့ပြီး စစ်အစိုးရအဆက်ဆက်တွင် လူထုကို အကြမ်းဖက်ဖိနှိပ်ခဲ့သော၊ အမျိုးသားရေးအစွန်းရောက်လှုပ်ရှားမှုများကို စေခိုင်းရာတွင် ပါဝင်သူ တဦးဖြစ်သော ဦးခင်ရီက ကြံ့ခိုင်ရေးပါတီ၏ ဥက္ကဋ္ဌအသစ်ဖြစ်လာခဲ့သည်။ ဦးခင်ရီသည် တော်လှန်ရေးအင်အားစုက အမျိုး၊ ဘာသာ၊ သာသနာကို ဦးတည်တိုက်ခိုက်နေသည်ဟု ပုံဖော်ပြောဆိုလျက်ရှိသည်။ ဦးခင်ရီမှ ၎င်းသည် ပြည်ခိုင်ဖြိုးပါတီမှ တာဝန်ရှိသူဖြစ်ပြီး စစ်တပ်၏ အမာခံဒေါက်တိုင်ဖြစ်သဖြင့် ရဟန်းသံဃာများကို သတ်ဖြတ်မည့်အစား ၎င်းအား လာရောက်သတ်ရန် စိန်ခေါ်ခဲ့သည်။။ "အမျိုးဘာသာသာသနာနဲ့ ပတ်သက်တဲ့ ကိစ္စတွေ၊ အမျိုးသားရေးနဲ့ ပတ်သက်တဲ့ ကိစ္စတွေ၊ အမျိုးသားရေးကို ခေတ်မမီတော့ဘူးလို့ ပြောနေတဲ့သူတွေ၊ ကျောင်းမှာရှိတဲ့ မကြားဝံ့မနာသာ ပညာရေးစနစ်တွေ၊ ဒီလိုအခြေအနေတွေကြောင့် ဒါတွေလုပ်ရတယ်(အာဏာသိမ်းရတယ်)" ဟု ဦးခင်ရီမှ ပြောကြားထားသည်။ "သို့မဟုတ်ပါက အိမ်များတွင် ဘုရားစင်ပျောက်နေပြီ"ဟု ၎င်းက ဆိုထားသည်။ ပြည်ခိုင်ဖြိုးပါတီမှ လူထုရှေ့မှ မားမားမတ်မတ်ရပ်မည် ဟု ပြောခဲ့သည်။ "မျက်ရည်ကိုသုတ်၊ ခေါးကိုဆုပ်ပြီး ခြေတလှမ်းတိုးကြပါစို့" ဟု တော်လှန်ရေးအင်အားစုများအား တုံ့ပြန်တိုက်ခိုက်ရန် ပြည်ခိုင်ဖြိုးပါတီဝင်များကို လှုံ့ဆော်ခဲ့သည်။

စစ်တပ်ထောက်ခံပွဲများကို ဦးဆောင်လေ့ရှိသော အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီမှ မိုက်ကယ်ကျော်မြင့်မှလည်း စစ်ကောင်စီ၏ ရွေးကောက်ပွဲတွင် ပါဝင်ရန် လုပ်ဆောင်လျက်ရှိသည်။ ရွေးကောက်ပွဲဝင်ပြိုင်ရန် အခြား ၁၈ ပါတီနှင့် ပူးပေါင်း၍ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်သွားမည်ဟု ၎င်း၏ Facebook စာမျက်နှာတွင် ရေးသားထားသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ ယနေ့အခြေအနေမပြောင်းလဲပါက ရွေးကောက်ပွဲဝင်မည့်အစား ပြည်သူ့စစ်ထဲဝင်မည်ဟု ရေးသားထားသည်ကိုလည်း တွေ့ရပါသည်။

## ၃.၄ စစ်တပ်ထောက်ခံသော သတင်းမီဒီယာများ

စစ်အာဏာသိမ်းပြီးနောက်တွင် အမျိုးသားရေးအစွန်းရောက်များသည် သတင်းမီဒီယာနယ်ပယ်သို့လည်း ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်လာခဲ့သည်။ ၎င်းတို့သည် ယခင်ကတည်းက online media များ၊ ဂျာနယ်ထုတ်ဝေခြင်းများ ရှိသော်လည်း ထင်ရှားသော မီဒီယာများအဖြစ် ရပ်တည်နိုင်ခြင်း မရှိခဲ့ဘဲ အမျိုးသားရေးအစွန်းရောက်များကြားတွင်သာ တွင်ကျယ်ခဲ့ကြသည်။ သတင်းစာလွတ်လပ်ခွင့်ကို ဖိနှိပ်ခြင်း၊ သတင်းမီဒီယာထုတ်ဝေခွင့်များကို ပိတ်သိမ်းခြင်းနှင့် သတင်းထောက်များကို အကြမ်းဖက်ဖမ်းဆီးခြင်းများကြောင့် ဩဇာကြီးမားသော၊ လွတ်လပ်သော သတင်းမီဒီယာများက စစ်ကောင်စီလက်အောက်တွင် ဆက်လက်လုပ်ကိုင်ခြင်းမရှိတော့ချိန်တွင် လစ်လပ်သွားသော သတင်းမီဒီယာနယ်ပယ်သို့ အမျိုးသားရေးကို အခြေခံသော၊ စစ်ကောင်စီကို ထောက်ခံသော မီဒီယာများမှ အစားထိုးဝင်ရောက်လာခဲ့သည်။

အဆိုပါသတင်းမီဒီယာများက စစ်ကောင်စီ၏ သတင်းစာရှင်းလင်းပွဲသို့ ပုံမှန်တက်ရောက်ကာ စစ်ကောင်စီ လုပ်ဆောင်လာနိုင်ခြေရှိသော သို့မဟုတ် ၎င်းတို့ဖြစ်စေချင်သော လုပ်ရပ်များအတွက် စကားလမ်းကြောင်းသော မေးခွန်းများကို မေးမြန်းလေ့ရှိကြသည်။ ဦးဂျင်မီနှင့် ဦးဖြိုးဇေယျာသော်အပါအဝင် နိုင်ငံရေးအကျဉ်းသား (၄) ဦးကို သေဒဏ်မပေးမီ စစ်ကောင်စီ၏ (၁၅) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သေဒဏ်စီရင်ချက်ချခံရသူများကို အမှန်တကယ်သေမိန့်ပေးရန် သတင်းထောက်တဦးမှ တောင်းဆိုခဲ့သည်ကို တွေ့ရသည်။ ကချင်၊ ဖားကန့်မြို့နယ်၊ အနန့်ပါကို စစ်တပ်မှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုမတိုင်မီ စစ်ကောင်စီ၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် KIA ၏ လက်နက်စက်ရုံကို ဗုံးကြဲရန်

နှင့် ပတ်သက်၍ ဘူးလက်လှဆွေမှ မေးမြန်းခဲ့သည်။ ထို့အပြင် Facebook, Telegram စသော လူမှုကွန်ယက်များမှတဆင့် တဦးချင်း၏အမြင်များ၊ ဝါဒဖြန့်ချိခြင်းများကို ရေးသားဖြန့်ဝေလာကြပြီး လူမှုကွန်ယက်တွင် ဩဇာလွှမ်းမိုးသူများအဖြစ် ကိုယ်ပိုင်ပုံရိပ်ထူထောင်ရန် ကြိုးပမ်းလာကြသည်။ စစ်ကောင်စီအတွက် လော်ဘီပြုလုပ်ခြင်း၊ စစ်ကောင်စီအတွက် စနစ်တကျ လိမ်လည်ဖော်ပြသော သတင်းတုများ၊ မီဒီယာကျင့်ဝတ်နှင့်မညီသည့် တဖက်သတ် အင်တာဗျူးများ၊ လုပ်ကြံထားသည့် အင်တာဗျူးများနှင့် စကားဝိုင်းဆွေးနွေးပွဲများကိုလည်း ထုတ်လွှင့်လေ့ရှိသည်။ ထို့အပြင် အမျိုးသားရေးအစွန်းရောက်အစုအဖွဲ့များက စစ်ကောင်စီ၏ သဘောထားနှင့် ဆန့်ကျင်သည့် သတင်းမီဒီယာများကို နိုင်ငံတော်သစ္စာဖောက်များ၊ ပြည်ပလွှမ်းမိုးခံ ကိုယ်ကျိုးစီးပွားရှာသူများ၊ ပြည်ဖျက်မီဒီယာများအဖြစ် ပုံဖော်ပြောဆိုလေ့ရှိပြီး ခြိမ်းခြောက်မှုများလည်း လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် တော်လှန်ရေးအစုအဖွဲ့များကို ပုံဖော်ရေးသား တိုက်ခိုက်ခြင်း၊ ဖိနှိပ်ဖမ်းဆီးရန် သတင်းပေး ခြိမ်းခြောက်လှုံ့ဆော်ခြင်းများလည်းလုပ်ဆောင်လျက်ရှိသည်။ လူမျိုးရေး၊ ဘာသာရေးကို အခြေခံသည့် အစွန်းရောက်အတွေးအခေါ်အယူအဆများ ရေးသားဖြန့်ဝေခြင်း၊ လူမျိုးစုတော်လှန်ရေးအဖွဲ့များကို ပုံဖော်တိုက်ခိုက်ခြင်း၊ လက်ရှိနိုင်ငံရေးအခင်းအကျင်းများနှင့် ချိတ်ဆက်ပုံဖော်ခြင်းများကိုလည်း တွေ့ရပါသည်။

## ၃.၅ ပြည်သူ့စစ်များဖွဲ့စည်းလာခြင်း

စစ်အာဏာသိမ်းပြီးနောက် စစ်တပ်ထောက်ခံသည့် အမျိုးသားရေးအစွန်းရောက်များနှင့် အမျိုးသားရေးအစွန်းရောက်ဘုန်းကြီးများက ပျူစောထီး၊ သွေးသောက်၊ Yangon Castigate Group (YCS)၊ စွန်ရဲ၊ သွေးသစ္စာနှင့် မျိုးချစ်ညွန့်ပေါင်း စသည့် လက်နက်ကိုင်အဖွဲ့များ ဖွဲ့စည်းကာ တော်လှန်ရေးတွင်ပါဝင်သူများ၊ တော်လှန်ရေးကို အားပေးထောက်ခံပံ့ပိုးသူများနှင့် ၎င်းတို့၏ သဘောထားနှင့်ဆန့်ကျင်သော သတင်းမီဒီယာများကို ခြိမ်းခြောက်အကြမ်းဖက်မှုများ လုပ်ဆောင်လျက်ရှိသည်။ စစ်ကောင်စီက ပျူစောထီး၊ သွေးသောက် ကဲ့သို့သော အဖွဲ့များ မရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင် ငြင်းဆိုပြီး ပြည်သူ့စစ်များဖွဲ့စည်းထားခြင်းကိုမူ ဝန်ခံခဲ့သည်။




*ရွှေဘိုတွင် စစ်ကောင်စီမှ ပြည်သူ့စစ်များကို ရိက္ခာပေးအပ်နေပုံ (ရင်းမြစ် – MFP, 2022)*



*မန္တလေး၊ မဟာအောင်မြေမြို့နယ်တွင် စစ်ကောင်စီတပ်က ပြည်သူ့စစ်ဖွဲ့သည်ဆိုကာ ဒေသခံတချို့ကို လက်နက်နှင့် စစ်ယူနီဖောင်း ထုတ်ပေးနေပုံ (ရင်းမြစ် – Myanmar Now, 2022)*

စစ်ကောင်စီအနေဖြင့် ပြည်သူ့စစ်အဖွဲ့များကို လက်နက်ခဲယမ်း၊ ငွေကြေးရိက္ခာ ပံ့ပိုးခြင်းများရှိသကဲ့သို့ ရွာသူရွာသားများအား ပြည်သူ့စစ်အဖြစ် ဝင်ရောက်ပါဝင်ရန် မက်လုံးပေး စည်းရုံးခြင်း၊ အတင်းအကြပ်စေခိုင်းခြင်း၊ ခြိမ်းခြောက်ဝါဒဖြန့်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။ ထိုသို့ပြည်သူ့စစ်များဖွဲ့စည်းရာ၌ ကျေးရွာများတွင် ဩဇာအတန်အသင့်ရှိသော အမျိုးသားရေး၊ ဘာသာရေး အစွန်းရောက်သံဃာများ၊ လူပုဂ္ဂိုလ်များကို ဦးဆောင်စေသည်ကိုလည်း တွေ့ရသည်။ အမျိုးသားရေးအစွန်းရောက်သံဃာများဦးဆောင်သည့် ပြည်သူ့စစ်များသည် ပိုမို

အားကောင်းစွာ တည်ရှိလျက်ရှိသည်ကို တွေ့ရပါသည်။ သေနတ်ကိုင်ဆောင်ထားသော သံဃာတော်များကို ရွာသူရွာသားများက ကြိုဆိုနေကြသည့် သတင်းဓာတ်ပုံများ၊ ရုပ်သံများကိုလည်း လူမှုကွန်ရက် စာမျက်နှာများတွင် တွေ့မြင်နိုင်ပါသည်။



*စစ်ကိုင်းမှ စစ်ကောင်စီတပ်၏ စစ်သင်တန်းတခုတွင် တွေ့ရသော ဦးဝါသဝနှင့် ပြည်သူ့စစ် (ပျူစောထီး) များ (ရင်းမြစ် – Myanmar Now, 2022)*

စစ်ကိုင်း၊ ကန့်ဘလူမြို့နယ်၊ မှော်တောရွာမှ ၅၅၀ ဆရာတော် ဟု ခေါ်ဆိုကြသော အမျိုးသားရေးအစွန်းရောက် ဘုန်းကြီး ဦးဝါသဝသည် စစ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီလက်အောက်ခံ ပြည်သူ့စစ်များကို ဦးဆောင်ဖွဲ့စည်းသော ဘုန်းကြီးတပါးအဖြစ်ထင်ရှားလာခဲ့သည်။သူသည်ရွာသူရွာသားများ၏ ကောင်းကျိုးအတွက် ဘက်မလိုက်ဘဲ အမှန်တရားဘက်က ရပ်တည်ကြောင်း ပြောဆိုလေ့ရှိသည်။ သို့သော် တော်လှန်ရေးအင်အားစုများကို သံဃာများ၊ အပြစ်မဲ့ပြည်သူများ၊ ဘုရားဖူးများအား သတ်ဖြတ်သော အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် စွပ်စွဲပြောဆိုလေ့ရှိပြီး အခြားတဘက်တွင် စစ်တပ်ကို ရွာသူရွာသားများ၏ ကျေးဇူးရှင်အဖြစ် ပုံဖော်ပြောဆိုလေ့ရှိသည်။စစ်ကောင်စီ၏အကြမ်းဖက်မှုကိုရေးသားဖော်ပြသော သတင်းမီဒီယာများကို နိုင်ငံရေးကို အသုံးချနေသော ဒေါ်လာစား ပြည်ဖျက်မီဒီယာများအဖြစ်၊ တော်လှန်ရေးကို အားပေးထောက်ခံသော ရဟန်းသံဃာများကို အသုံးမကျသူများအဖြစ် ဝေဖန်ပြောဆိုလျက်ရှိသည်။ PDF ကို ထောက်ခံသော ကျေးရွာများကို မြေပေါ်မှ ဖျောက်ဖျက်ပစ်ရန်၊ ကချင်ရှိ KIA စခန်းများကို အမြစ်ဖျက်ချေမှုန်းရန် တိုက်တွန်းပြောဆိုလေ့ရှိသည်။ “ဆရာတော့်ကျောင်းမှာ လက်နက်ကြီးတွေရှိတယ်။ ခင်ဗျားတို့ရွာတွေကို လှမ်းထုလို့ရတယ်။ လက်နက်တွေရှိရင် ကျုပ်ကို အပ်ကြ။ ဒီရွာကို ပြည်သူ့စစ်ဖွဲ့ပါ။ ကိုယ့်ရွာကို ညီညီညွတ်ညွတ်ကာကွယ်ပါ။ သူများရွာကို သွားမလုပ်ပါနဲ့။ လုပ်လာတဲ့ကောင်ရှိရင် ကျုပ်ကိုလာပြော အဲ့မိသားစုကို။ ကောင်းကောင်းမနေခဲ့ရင် ဝိုင်းတွယ်မယ်၊ ရှိတဲ့ကျွဲနွားအကုန်သိမ်းမယ်၊ အိမ်ဝိုင်းဖျက်မယ်၊ ဘုန်းကြီးအမိန့်။ ပြည်သူ့စစ်သင်တန်းတက်ရမယ်၊ လက်နက်တရားဝင်တပ်ဆင်ပေးမယ်၊ မတက်လို့ရှိရင် ခင်ဗျားတို့ အကြမ်းဖက်ဘက်မှာ နေချင်တာပဲ။ PDF ဆိုတဲ့ ကောင်တွေ ကျုပ်က ချမှာ၊ ဝိုင်းဆော်မယ်၊ ကျုပ်အဖွဲ့တွေ အင်အားအများကြီးရှိတယ်” စသည်ဖြင့် ရွာသူရွာသားများကို PDF ကိုမထောက်ခံဘဲ စစ်ကောင်စီလက်အောက်ခံ ပြည်သူ့စစ်သို့ဝင်ရောက်ရန် အတင်းအကြပ် ခြိမ်းခြောက်စည်းရုံးလျက် ရှိသည်။



*စစ်ကိုင်းမှ စစ်ကောင်စီတပ်၏ စစ်သင်တန်းတခုတွင်တွေ့ရသော ဦးဝါသဝနှင့် ပြည်သူ့စစ် (ပျူစောထီး) များ (ရင်းမြစ် – Myanmar Now, 2022)*




*စစ်ကိုင်းမှ စစ်ကောင်စီတပ်၏ စစ်သင်တန်းတခုတွင်တွေ့ရသော ဦးဝါသဝနှင့် ပြည်သူ့စစ်(ပျူစောထီး) များ*
*(ရင်းမြစ် – Myanmar Now, 2022)*

ပေါက်မြို့နယ်မှအမျိုးသားရေးအစွန်းရောက်ဘုန်းကြီးဖြစ်သူ ဦးအရိယာဝံသကို ပေါက်ကိုယ်တော်ဟု ခေါ်ဆိုကြသည်။ သူ၏ Facebook အကောင့်တွင် ရုပ်သံတိုက်ရိုက်ထုတ်လွှင့်၍ PDF များ၏ လှုပ်ရှားမှုများကို သတင်းပေးပြောကြားလေ့ရှိသည်။ ပေါက်မြို့နယ်တွင် ခရစ်ယာန်ဘာသာဝင် PDF များက ဗုဒ္ဓဘာသာဘုန်းကြီးများကို ဘုန်းကြီးကျောင်းမှ နှင်ထုတ်နေသည်ဟု ဘာသာရေးကို အခြေပြု၍ ပြောဆိုသည်ကို တွေ့ရသည်။ PDF များက ဗလီနှင့် Church များကို မသုံးဘဲ ဘုန်းကြီးကျောင်းများကို စစ်ရေးအတွက် သုံးစွဲကြသည်ဟု ခိုင်းနှိုင်းပြောဆိုထားသည်။ နွေဦးတော်လှန်ရေးသည် ဗုဒ္ဓဘာသာနှင့် သံဃာတော်များကို ဦးတည်တိုက်ခိုက်နေသည်ဟု ပုံဖော်ပြောဆိုကာ ကျေးရွာများရှိ ဘုန်းကြီးကျောင်းများတွင် ဘုန်းကြီးများ ပြန်နေနိုင်သည့်အချိန်မှ အမျိုးသားရေးအောင်ပွဲ၊ ဘာသာရေးအောင်ပွဲရမည်ဟု ပြောဆိုလျက်ရှိသည်။ စစ်ကောင်စီမှ လိုအပ်ချက်များဖြည့်ဆည်းပေးပါက PDF ကို နှိမ်နင်းရာတွင် ပြည်သူ့စစ်များကိုကိုယ်တိုင်ဦးဆောင်မည်၊ပြည်သူ့စစ်များက သူ၏ ဦးဆောင်မှုအောက်တွင် လုပ်ကိုင်လိုကြပြီး ပြည်သူ့စစ်ထဲဝင်ချင်သူများလည်း နောက်ထပ်ရှိသည်ဟု စစ်ကောင်စီကို တောင်းဆိုလျက်ရှိသည်ကို တွေ့ရပါသည်။

# ၄ စစ်ကောင်စီနှင့်

# အမျိုးသားရေးအစွန်းရောက်တို့၏ ဝိရောဓိများ

စစ်အာဏာသိမ်းပြီးနောက်တွင် စစ်ကောင်စီဥက္ကဋ္ဌ မင်းအောင်လှိုင်သည် အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့ (မဘသ) ဦးဆောင်ဆရာတော်များထံသို့သွားရောက်တွေ့ဆုံခဲ့ပြီးမဘသကိုဦးဆောင်ခဲ့သော အင်းစိန်ရွာမဆရာတော်ဦးတိလောကကို စစ်ကောင်စီက သာသနာတော်ဆိုင်ရာ အမြင့်ဆုံးဘွဲ့ ချီးမြှင့်ခဲ့သည်။ ထို့ပြင် မဘသ ဆရာတော် (၃) ပါးကို သီရိပျံ့ချီဘွဲ့များ ပေးအပ်ခဲ့သည်။ မဘသကို ဖျက်သိမ်းခဲ့သောကြောင့် NLD အစိုးရကို မင်းအောင်လှိုင်က ပြစ်တင်ပြောဆိုခဲ့ပြီး ၎င်းတို့လက်ထက်တွင် သာသနာနှင့် ယဉ်ကျေးမှု ဆုတ်ယုတ်ခဲ့ကြောင်းလည်း ဝေဖန်ပြောဆိုခဲ့သည်။

သို့သော် တဘက်တွင် စစ်ကောင်စီမှ နိုင်ငံတကာတွင် အမည်ပျက်ရှိထားသော အမျိုးသားရေးအစွန်းရောက်များနှင့် ပတ်သက်၍ ပေါ်ပေါ်ထင်ထင်ဆက်သွယ်ဆောင်ရွက်မှုများကို ရှောင်ကြဉ်ကာ သတိထားကိုင်တွယ်နေသည်ဟု ယူဆရသည်။ “တော်လှန်ရေးတပ်ဖွဲ့များ၏ ပစ်မှတ်ထားခံနေရပြီး လုံခြုံရေးအရ စိုးရိမ်သောကြောင့်လည်းကောင်း၊ ပြည်တွင်းပြည်ပမှ ဖိအားများကို မခံနိုင်သဖြင့် စစ်တပ်က အမျိုးသားရေးသမားများနှင့် ကင်းကင်းရှင်းရှင်း နေခြင်းကြောင့်လည်းကောင်း အမျိုးသားရေး လှုပ်ရှားမှုများ လျော့နည်းသွားခြင်းဖြစ်သည်” ဟု ဦးဝီရသူမှ စစ်တပ်ထောက်ခံသော မီဒီယာတခုနှင့် အင်တာဗျူးတွင် ဖြေကြားထားသည်။

စစ်အာဏာသိမ်းပြီးနောက်တွင် ဦးဝီရသူ၊ ဘူးလက်လှဆွေ၊ မိုက်ကယ်ကျော်မြင့် စသည့် အကျဉ်းကျနေသော အစွန်းရောက်အမျိုးသားရေးသမားများကို စစ်ကောင်စီမှ လွတ်ငြိမ်းချမ်းသာခွင့်များပေးခဲ့သည်။ တဘက်တွင် ၎င်းတို့ကို ထောက်ခံသူများဖြစ်သော်လည်း ဝေဖန်ပြောဆိုမိပါက စစ်တပ်က ဖမ်းဆီးလျက်ရှိသည်။ လူမှုကွန်ယက်တွင် စစ်ကောင်စီကို ဝေဖန်ပြောဆိုခဲ့သော စစ်တပ်ထောက်ခံသူ (၂) ဦးနှင့် စစ်ကောင်စီသတင်းစာရှင်းလင်းပွဲသို့ ပုံမှန်တက်ရောက်လေ့ရှိသော NHP သတင်းဌာနနှင့် ဒဲ့ပြောသတင်းဌာနမှ သတင်းထောက် (၂) ဦးကို စစ်တပ်မကြိုက်သော အသုံးအနှုန်းများသုံးစွဲခဲ့သဖြင့် ဖမ်းဆီးခဲ့သည်။

အမျိုးသားရေးအစွန်းရောက်များကြားတွင် စစ်တပ်ထံမှရရှိသည့် အခွင့်အရေးများ၊ လက်တွေ့ အကျိုးစီးပွားများ ပိုမိုပါဝင်လာသည့်အတွက် အချင်းချင်းစွပ်စွဲမှုများ၊ အငြင်းပွားမှုများ ဖြစ်ပွားနေသည်ကိုလည်း တွေ့ရပါသည်။ ၎င်းတို့ကြားတွင် ယခင်က ငွေကြေးဆိုင်ရာပြဿနာများ၊ အပြန်အလှန်စွပ်စွဲမှုများ ရှိခဲ့ကြသော်လည်း ကျယ်ပြန့်စွာ ဖြစ်ပွားခြင်း၊ အုပ်စုကွဲပေါ်ပေါက်ခြင်းမျိုးမရှိခဲ့ပေ။ ယခုအခါတွင် ၎င်းတို့အကြား၌ လူသတ်သမားအဖြစ်စွပ်စွဲခြင်း၊ လောင်းကစားဒိုင်များ၏ကိုယ်စားလှယ်အဖြစ်ပြောဆိုခြင်း၊ တရားမဝင်မြေကွက်များ ရောင်းချ၍ စီးပွားရှာသူအဖြစ် ပြောဆိုခြင်း၊ အမေရိကန်နိုင်ငံမှ CIA ( ဗဟိုထောက်လှမ်းရေးအေဂျင်စီ – Central Intelligence Agency) ၏ သူလျှို အဖြစ်ပြောဆိုခြင်း၊ ကိုယ်ကျိုးစီးပွားအတွက် အမျိုးသားရေးကို အသုံးချသူအဖြစ် ဝေဖန်ပြောဆိုခြင်းများကို တွေ့ရှိလာရပါသည်။

# ၅ အမျိုးသားရေးအစွန်းရောက်များ၏ လှုပ်ရှားမှုအပေါ် သုံးသပ်ချက်

အာဏာသိမ်းစစ်အုပ်စုလက်အောက်တွင် အမျိုးသားရေးအစွန်းရောက်အစု၏ ပုံဖော်မှုများ၊ ဝါဒဖြန့်ချိမှုများကို လေ့လာရာတွင် နိုင်ငံတော်အဆင့်မှ ဖန်တီးပုံဖော်ထားသည့် ဗမာလူမျိုးကြီးနှင့် တိုင်းရင်းသားများ၊ လူများစု ဗုဒ္ဓဘာသာနှင့် လူနည်းစု အခြားဘာသာဝင်များ ဟူသည့် အတွေးအခေါ်ပေါ်တွင် အခြေပြုတည်ဆောက်ထားသည်ကို တွေ့ရှိနိုင်ပါသည်။ ထိုကဲ့သို့ ပုံဖော်မှုများကို ဖြန့်ချိရန်အတွက် လူမှုကွန်ယက်များကို ယခင်ကာလများထက် ပိုမိုထိရောက်စွာအသုံးချ လာနိုင်သည်ကိုလည်း တွေ့ရှိရပါသည်။ Facebook လူမှုကွန်ယက်၏ လူ့အခွင့်အရေးနှင့် ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ကျော်လွှားနိုင်ရန်အတွက် ရုပ်သံတိုက်ရိုက်ထုတ်လွှင့်မှုကို ပိုမိုအသုံးပြုလာခဲ့ပြီး ကျင့်ဝတ်ဆိုင်ရာ ကန့်သတ်ချက်ပိုမိုနည်းပါးသော Telegram ကို ပိုမိုသုံးစွဲလာခဲ့သည်ကိုလည်း တွေ့ရှိနိုင်ပါသည်။

အာဏာသိမ်းပြီးနောက်တွင် အမျိုးသားရေးအစွန်းရောက်များအကြား ပုဂ္ဂိုလ်ရေးအရသြဇာထူထောင်မှုများ ပိုမိုလုပ်ဆောင်လာခဲ့ကြပါသည်။ သတင်းဌာနများအနေဖြင့်နေ့စဉ်သတင်းတင်ဆက်ခြင်းကိုသက်ဆိုင်ရာ လူမှုကွန်ယက်သတင်းစာမျက်နှာများမှ ထုတ်လွှင့်နေသကဲ့သို့ လူပုဂ္ဂိုလ်များအနေဖြင့် ၎င်းတို့၏ တဦးချင်း သဘောထားအမြင်များကို ကိုယ်ပိုင်လူမှုကွန်ယက်များမှ ရုပ်သံဖြင့်တိုက်ရိုက်ထုတ်လွှင့်ပြောဆိုပြီး လူမှုကွန်ယက်တွင် သြဇာရှိပုဂ္ဂိုလ်ဖြစ်ရန်အပြိုင်အဆိုင်ကြိုးစားလာကြသည်ကိုလည်း တွေ့ရပါသည်။ တိုက်ရိုက်ထုတ်လွှင့်၍ အပြန်အလှန်ပြောဆိုခြင်း၊ စကားဝိုင်းများပြုလုပ်ခြင်းများကိုလည်း တွေ့ရှိရပါသည်။ ထို့အပြင် ဘာသာရေးအစွန်းရောက်သံဃာများ၏ ဒေသအခြေပြု စည်းရုံးလှုံ့ဆော်ခြင်းများ တိုက်ရိုက်ပြုလုပ်နေကြသည်ကိုလည်း တွေ့မြင်ရပါသည်။ ကျေးလက်ဒေသမှလူထုကို ပြည်သူ့စစ်

တပ်ဖွဲ့များအတွင်းသို့ ဝင်ရောက်ရန် စည်းရုံးခြင်း၊ ခြိမ်းခြောက်ခြင်း၊သင်တန်းပေးခြင်းနှင့်လက်နက်တပ်ဆင်ခြင်းတို့ကိုပြုလုပ်ပြီး ပြည်သူ့စစ်အဖွဲ့များ ထူထောင်လာကြသည်။ လက်နက်ကိုင်ပြည်သူ့စစ်အဖွဲ့များကို ထူထောင်ရာတွင် "ဗုဒ္ဓဘာသာသာအား ဖျက်ဆီးသူ အစွန်းရောက်များကို တိုက်ထုတ်ရန်" ဟူသည့် ဘာသာရေးအတွေးအခေါ်အပေါ်တွင် အခြေခံထူထောင်ကြသည်ကို တွေ့ရပါသည်။

အမျိုးသားရေးအစွန်းရောက် အတွေးအခေါ်များကို အခြေခံသည့် နိုင်ငံရေးပါတီများမှာ ယခင်ကတည်းက တည်ရှိခဲ့သော်လည်း ကြံ့ခိုင်ရေးပါတီမှလွဲ၍ ကျန်ပါတီများသည် ရွေးကောက်ပွဲများ၌ အနိုင်ရခြင်းမရှိခဲ့ပါ။ ကြံ့ခိုင်ရေးပါတီကို မဏ္ဍိုင်ပြု၍ အမျိုးသားရေးအစွန်းရောက်လှုပ်ရှားမှုများကို ဝန်းရံချိတ်ဆက်ရပ်တည်ခဲ့ကြသည်ကိုသာ တွေ့ရှိရပါသည်။ စစ်အုပ်စုအနေဖြင့် အာဏာသိမ်းပြီးစအချိန်မှစ၍ ရွေးကောက်ပွဲကော်မရှင်သစ်ဖွဲ့စည်းခြင်း၊ရွေးကောက်ပွဲအသစ်တရပ်ကျင်းပရန် စီစဉ်ခြင်းများကို အစဉ်တစိုက် ပြုလုပ်ခဲ့ပါသည်။ ထိုရွေးကောက်ပွဲအသစ်ကို PR (အချိုးကျမဲစနစ် – Proportional Representation) အသုံးပြု၍ ကျင်းပရန် စီစဉ်လျက်ရှိပါသည်။ PR စနစ်အရ ရရှိလာနိုင်မည့် စစ်တပ်နှင့် စစ်တပ်မိသားစုများ၊ အမျိုးသားရေးအစွန်းရောက်အသိုင်းအဝိုင်းများထံမှ မဲရလဒ်များနှင့် ၂၀၀၈ ဖွဲ့စည်းပုံအရ ရရှိထားသည့် လွှတ်တော်ကိုယ်စားလှယ် ၂၅% တို့၏ အားကို အသုံးချ၍ နိုင်ငံရေးအာဏာကို အပြီးတိုင်ထိန်းသိမ်းရယူနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ အမျိုးသားရေးအစွန်းရောက်များသည်လည်းနိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲ ဝင်ရောက်ကြရန် အားထုတ်လျက်ရှိသည်ကိုတွေ့ရပြီး ၂၀၂၃ ခုနှစ်အတွင်း ရွေးကောက်ပွဲ ပေါ်ပေါက်လာရေးအတွက် ပုံစံမျိုးစုံဖြင့် စစ်အုပ်စုအားထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် ဝါဒဖြန့်ချိခြင်းများ ပြုလုပ်လျက်ရှိသည်ကိုလည်း တွေ့ရှိရပါသည်။

လက်ရှိအချိန်တွင် အမျိုးသားရေးအစွန်းရောက်များအကြားတွင် ဩဇာလွှမ်းမိုးမှုရရှိလာရန် ပြိုင်ဆိုင်မှုများ ပိုမိုများပြားလာပြီး ပြည်တွင်းပြည်ပမှ သံဃာနှင့် လူပုဂ္ဂိုလ်ဇာတ်ကောင်သစ်များ ပေါ်ထွက်လာခဲ့ပါသည်။ ၎င်းတို့အကြားတွင် ပုဂ္ဂိုလ်ရေးဩဇာထူထောင်မှုဆိုင်ရာ အားပြိုင်မှုများ ပြင်းထန်စွာ ဖြစ်ပေါ်လာခဲ့ပြီး စစ်အုပ်စုမှ အမျိုးသားရေးအစွန်းရောက်များအပေါ် ပိုမိုအသုံးချလာခြင်းနှင့် အာဏာသိမ်းပြီးနောက်ပိုင်း ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးစီးပွားရေးလေဟာနယ်များသို့ ဝင်ရောက်နိုင်ရန် ပိုမိုကြိုးပမ်းအားထုတ်လာခြင်းတို့သည် ထိုသို့ အားပြိုင်မှုပဋိပက္ခများမြင့်တက်ဖြစ်ပွားလာခြင်း၏ အရင်းခံအကြောင်းပင် ဖြစ်သည်။ တနည်းအားဖြင့် အမျိုးသားရေးအစွန်းရောက်များသည် စစ်တပ်၏ လိုရာသုံးလက်အောက်ခံအခြေအနေမှ နိုင်ငံရေး၊ စီးပွားရေးအခွင့်အရေးများပိုမိုရယူလာနိုင်သည့် အခြေအနေသို့ ရောက်ရှိသွားခြင်းကြောင့် ဖြစ်သည်။

၄

# အစွန်းရောက်ဝါဒနှင့် ပုန်းကွယ်နေသည့် ကျိန်စာဆိုက်

ခေတ်အဆက်ဆက် အုပ်ချုပ်သူလူတန်းစားများမှ နိုင်ငံတော်အဆင့် ပုံသွင်းကျင့်သုံးခဲ့ပြီး လူ့အသိုင်းအဝန်းအတွင်း ပျံ့နှံ့အားကောင်းခဲ့သည့် ဗုဒ္ဓဘာသာဗမာလူမျိုးကြီးဝါဒ၊ အမျိုးသားရေးအစွန်းရောက်လှုပ်ရှားမှုများ၊ ခွဲခြားဆက်ဆံမှုများကြောင့် ၂၀၁၇ ခုနှစ်အတွင်း ရိုဟင်ဂျာလူမျိုးစုအပေါ် လူမျိုးသုဉ်းသတ်ဖြတ်သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။ ထိုစဉ်အချိန်က အာဏာရရှိထားသည့် အရပ်သားအစိုးရအနေဖြင့် နောက်ဆက်တွဲ အရေးယူရန် ပျက်ကွက်ခဲ့ယုံမျှမက ICJ (အပြည်ပြည်ဆိုင်ရာ တရားရုံး – International Court of Justice) တွင် သွားရောက်ရင်ဆိုင်ဖြေရှင်းခဲ့ပါသည်။

လူမျိုးသုဉ်းသတ်ဖြတ်မှု ဆိုရာတွင် လူ့အဖွဲ့အစည်းဝင်တို့၏ အသက်ပေါင်းများစွာအား သေကျေစေသည့် သတ်ဖြတ်ကျူးလွန်ခြင်းများသာမက လူနည်းစု လူအဖွဲ့အစည်းဝင်များအပေါ် ခန္ဓာကိုယ်နှင့်စိတ်ပိုင်းဆိုင်ရာကြီးမားစွာ ထိခိုက်နာကျင်စေခြင်း၊ လူမှုစီးပွားဆိုင်ရာအခွင့်အရေးများအား ကန့်သတ်ပျက်စီးစေခြင်း၊ မွေးဖွားမှုထိန်းချုပ်ကန့်သတ်ခြင်းဖြင့်လူဦးရေတိုးပွားမလာစေရန်လုပ်ဆောင်ခြင်း၊ ကလေးသူငယ်များအား လွှဲပြောင်းရယူ၍ ယဉ်ကျေးမှုအဆက်ဖြတ်ခြင်း စသည်တို့ပါအကျုံးဝင်ပါသည်။ ထို့အပြင် လူမျိုးနွယ်စုတခု၏ ယဉ်ကျေးမှုဓလေ့ထုံးစံများအား ဆက်လက်ကြီးထွားမလာဘဲ

ကွယ်ပျောက်သွားရန်လုပ်ဆောင်သည့် ယဉ်ကျေးမှုဆိုင်ရာမျိုးသုဉ်းသတ်ဖြတ်မှု (Cultural Genocide) ကိုလည်း ထည့်သွင်း တွက်ချက်ရမည်ဖြစ်သည်။ အထက်ပါ လူမျိုးသုဉ်းသတ်ဖြတ်မှုပုံစံများနှင့် အမျိုးအစားများသည် မိမိတို့ လူ့အဖွဲ့ အစည်းအတွင်း ကာလရှည်ကြာစွာဖြစ်ပျက်တည်ရှိခဲ့ကြောင်း တင်ပြလိုပါသည်။ (Cultural Genocide is the systematic destruction of traditions, values, language, and other elements that make one group of people distinct from another)

လက်တွေ့အားဖြင့် အစ္စလာမ်ဘာသာကိုးကွယ်ကြသူများ အထူးသဖြင့် ရိုဟင်ဂျာလူမျိုးစုအပေါ်တွင် မိမိတို့နှင့် ဘာသာရေး ယဉ်ကျေးမှုဆိုင်ရာ မတူညီသူများအဖြစ် အမျိုးအစားသတ်မှတ်ခြင်း (Classification)၊ မွတ်ကုလား၊ ဝက်မစား စသည်ဖြင့် နှိမ့်ချ၍ သင်္ကေတအသုံးပြုခြင်း (Symbolization)၊ နိုင်ငံသားဖြစ်ခွင့်ကန့်သတ်မှုနှင့်အတူ ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ နိုင်ငံသားလက်မှတ်နှင့် နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ခွင့် စသည့်အခြေခံအခွင့်အရေးများတွင် ခွဲခြားဆက်ဆံမှုများရှိနေခြင်း (Discrimination)၊ အစ္စလာမ်ဘာသာ ကိုးကွယ်ကြသူများအား လူအဖြစ်ထက် နိမ့်ကျကြောင်း အဓိပ္ပာယ်ဖော်သည့် ပုံပြင်များ၊ ကာတွန်းများဖြင့် လူ့တန်ဖိုးလျှော့ချခြင်း (Dehumanization) စသည့် လူမျိုးသုဉ်းသတ်ဖြတ်မှုသို့ ဦးတည်သည့် အဆင့်များသည် မိမိတို့၏ လူ့အသိုင်းအဝန်းတွင် ကာလရှည်ကြာပျံ့နှံ့လျက်ရှိပြီးဖြစ်ပါသည်။

ပြည်သူ့စွမ်းအားရှင်အဖွဲ့မှသည် လူမျိုးရေး၊ ဘာသာရေး အစွန်းရောက်အတွေးအခေါ်ကို အခြေပြုသည့်အဖွဲ့အစည်းများသည်လည်းငင်းတို့နောက်ကွယ်မှ စစ်အုပ်စု၏ တိုက်ရိုက်ပံ့ပိုးခြင်း၊ မျက်နှာသာပေး မသိကျိုးကျွံပြုကာ အခွင့်အရေးပေးခြင်းတို့ဖြင့် ခေတ်အဆက်ဆက်တည်ရှိခဲ့ပြီး ဖွဲ့စည်းခြင်း ( Organization) စုရုံးဖွဲ့စည်းခြင်းအဆင့်ကိုလည်း တွေ့မြင်နိုင်ပါသည်။ ယခုအခါ ပြည်သူ့စစ်အဖြစ် ခေါင်းစဉ်တည်ကာ အမျိုးဘာသာအားကာကွယ်ကြရန် ဟူသည့် အတွေးအခေါ်အောက်တွင် စုစည်းနေကြပြီး လက်နက်ကိုင်ဆောင်ခွင့်တရားဝင်ရရှိနေခြင်းမှာလည်း ပိုမိုအန္တရာယ်ကြီးမားသည့်အဆင့်သို့ ရောက်ရှိနေပြီးဖြစ်ပါသည်။ လက်ရှိကာလတွင် အမျိုးသားရေးအစွန်းရောက်အစုများ အနေဖြင့် ဗုဒ္ဓဘာသာအားကာကွယ်သူနှင့် ဆန့်ကျင်သူ၊ တိုင်းပြည်မပြိုကွဲစေရန် စောင့်ရှောက်သူနှင့် တိုင်းပြည်ဖြိုခွဲသူ စသည့် အစွန်းရောက်အယူအဆများအားတွန်းတင်ခြင်း (Polarization) ကို ပြုလုပ်လျက်ရှိပါသည်။

"အကြမ်းဖက်သမားများ အမြစ်ပြတ်ချေမှုန်းရမည်" "အမျိုးဘာသာကို ဖျက်ဆီးသူများအား ရှင်းလင်း သုတ်သင်ရမည်" ဟူသော ဆိုးရွားသည့် အတွေးအခေါ်များ ဖြန့်ချိနေခြင်းမှာလည်း လူမျိုးသုဉ်းသတ်ဖြတ်မှုအဆင့်များတွင် တွေ့ရှိနိုင်သည့် ကြိုတင်ပြင်ဆင်ခြင်း (Preparation) အဆင့်အဖြစ် တစုံတရာ ခရီးရောက်လျက်ရှိသည်ဟု ယူဆနိုင်ပါသည်။ ရိုဟင်ဂျာလူမျိုးစုနှင့် အစ္စလာမ်ဘာသာကိုးကွယ်ကြသူများအပေါ်တွင် ကာလရှည်ကြာ သက်ရောက်ခဲ့ပြီးဖြစ်သော အထက်ဖော်ပြပါ လူမျိုးသုဉ်းသတ်ဖြတ်မှုအဆင့်များအား ယခုအခါတွင် စစ်အာဏာရှင်အားဆန့်ကျင်နေသည့် တော်လှန်ရေးအင်အားစုများအပေါ်တွင်လည်း ကျင့်သုံးလာသည်ကို တွေ့မြင်ရပါသည်။

ရိုဟင်ဂျာလူမျိုးစုသည် ကျေးရွာသီးသန့်ဖြင့်နေထိုင်ရပြီး ကူးသန်းသွားလာခွင့်၊ ဆေးကုသခွင့်၊ ကလေးမီးဖွားခွင့် စသည့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို နစက (နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ်) နှင့် ကကနယ် (ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး) တို့၏ ကန့်သတ်ပိတ်ပင်မှုအောက်တွင် နှစ်ပေါင်းများစွာနေထိုင်ခဲ့ရသည်။ အိမ်ထောင်စုစာရင်း၊ လက်ထပ်ခွင့်ကိစ္စ၊ ကလေးမွေးဖွားခြင်း၊ အမည်ပေးခြင်းစသည့် အိမ်ထောင်စုဆိုင်ရာ ကိစ္စရပ်များကိုလည်း ကျပ်တည်းစွာထိန်းချုပ်ခံခဲ့ရပါသည်။ ဤသည်မှာလည်း လူ့အသိုင်းအဝိုင်းတခုအား နှိပ်စက်ညှင်းပန်းခြင်း (Persecution) အဆင့်အား နိုင်ငံတော်

အဆင့်မှ ကျူးလွန်ခြင်းပင်ဖြစ်ပါသည်။ လက်တွေ့လုပ်ဆောင်မှုအပိုင်းဖြစ်သည့် သုတ်သင်ရှင်းလင်းခြင်း (Extermination)အဆင့်သည်အချိန်မရွေးလုပ်ဆောင်နိုင်သည့်အခြေအနေဖြစ်ပြီး ကျူးလွန်ပြီး နောက်ဆက်တွဲအခြေအနေဖြစ်သည့် ငြင်းဆန်ခြင်း (Denial) အဆင့်သည်လည်း ၂၀၁၇ ရိုဟင်ဂျာလူမျိုးသုဉ်းသတ်ဖြတ်မှုအပေါ်မဖြစ်ခဲ့ကြောင်း ငြင်းဆန်ကာ ထိုအဆင့်ကို လက်ရှိအချိန်အထိ ကျင့်သုံးနေသည်ကို တွေ့ရပါသည်။

အမျိုးသားရေးအစွန်းရောက်များ၏ လက်တွေ့လုပ်ဆောင်နေမှုများနှင့်ပုံဖော်ပြောဆိုမှုများသည် အစွန်းရောက် ဘာသာရေး၊ လူမျိုးရေး အတွေးအခေါ်အပေါ် အခြေခံလျက် အစ္စလာမ်အသိုင်းအဝိုင်းကို သာမက တော်လှန်ရေးအင်အားစုများအပေါ်တွင်ပါ သက်ရောက်လျက် ရှိပါသည်။ အစွန်းရောက်အတွေးအခေါ်တခုအောက်တွင်ပင် ကာလရှည်ကြာ တိုက်ခိုက်ခဲ့သော မတူညီသည့်လူအဖွဲ့အစည်းအပေါ် သာမက ၎င်းတို့နှင့်ဆန့်ကျင်ဘက်အတွေးအခေါ်ရှိသူများကိုပါတစုတစည်းထဲတိုက်ခိုက်လျက်ရှိပါသည်။ တော်လှန်ရေးအစုအဖွဲ့များအပေါ်တွင် ပိုမိုရက်စက်စွာ တိုက်ခိုက်ရန်အတွက် တိုက်တွန်းမှုများ ပြုလုပ်ခြင်းကို ကျယ်ပြန့်စွာ လုပ်ဆောင်နေသကဲ့သို့ ဒေသတွင်းတော်လှန်ရေးတွင် ပါဝင်နေသူများ၊ ထောက်ခံသူများ၊ ပံ့ပိုးသူများကိုလည်း ကိုယ်တိုင်ခြိမ်းခြောက်သတ်ဖြတ်ခြင်းတို့ကို ပြုလုပ်လျက်ရှိပါသည်။

ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့သည့် စစ်တပ်နှင့် စစ်တပ်နောက်ခံအစိုးရများသည် နိုင်ငံတော်အဆင့် လုပ်ပိုင်ခွင့်နှင့် အာဏာများကို အလွဲသုံးစားကျင့်သုံး၍ လူနည်းစုများ၊ အာဏာရှင်စနစ်အား ခုခံဆန့်ကျင်သူများကို ရည်ရွယ်သည့် ဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို ထုတ်ပြန်ပြဋ္ဌာန်းပြီး အမျိုးသားရေးအစွန်းရောက်အတွေးအခေါ်ကို လက်နက်သဖွယ် အသုံးချခဲ့ပါသည်။ ထို့အပြင် ပြည်သူ့စွမ်းအားရှင်ကဲ့သို့ လက်တွေ့လုပ်ဆောင်သည့် အရပ်သားအခြေပြု အကြမ်းဖက်အဖွဲ့အစည်းများ၊ အစွန်းရောက်အတွေးအခေါ်များကို ဖြန့်ဝေကျင့်သုံးရန် ရည်ရွယ်၍ သံဃာများနှင့် လူပုဂ္ဂိုလ်များပါဝင်သည့် ဇဗဇ အပါအဝင်အမျိုးသားရေးအစွန်းရောက်အဖွဲ့များ ဖွဲ့စည်းထူထောင်ရာတွင် များစွာကူညီပံ့ပိုးပေးခဲ့ပါသည်။လက်ရှိအချိန်တွင် ၎င်းအင်အားစုများအပေါ်အခြေခံ၍ ပြည်သူ့စစ်အဖွဲ့များ၊ ကျေးရွာကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်းရာ၌ ငွေကြေး၊ ရိက္ခာ၊ လက်နက်ပံ့ပိုးခြင်းနှင့် ရပ်ကွက်ကျေးရွာအဆင့် အုပ်ချုပ်ရေးအဖွဲ့များအား လက်နက်ခဲယမ်းများ တပ်ဆင်ပေးခြင်းတို့ကို တိုးတက်ပြုလုပ်လာခဲ့ပါသည်။ အမျိုးသားရေးအစွန်းရောက်အဖွဲ့များ၊ အမျိုးသားရေးအစွန်းရောက်အတွေးအခေါ်အပေါ် အားယူဖွဲ့စည်းသည့် နိုင်ငံရေးပါတီများ၊ အမျိုးသားရေးအစွန်းရောက် အတွေးအခေါ်အား နိုင်ငံရေးလက်နက်သဖွယ်ကျင့်သုံးသည့် စစ်တပ်တို့၏ သုံးပွင့်ဆိုင်ညီညွတ်ရေးကြောင့် ပိုမိုဆိုးရွားသည့် ဘာသာရေးပဋိပက္ခများသာမက ဆိုးရွားသည့် ရာဇဝတ်မှုကြီးများ ပေါ်ပေါက်လာနိုင်သည်ကို အထူးသတိထားရမည်ဖြစ်ပါသည်။

# ၇ အကြံပြုချက်

ဗုဒ္ဓဘာသာဗမာလူမျိုးကြီးဝါဒနှင့် ဘာသာရေး လူမျိုးရေးဆိုင်ရာ အစွန်းရောက် အတွေးအခေါ်များ ကာလရှည်ကြာ စိမ့်ဝင်ပျံ့နှံ့လျက်ရှိသည့် မိမိတို့ လူ့အဖွဲ့အစည်းသည် လူတဦးခြင်းနှင့် အစုအဖွဲ့ဆိုင်ရာ လုံခြုံရေးနှင့် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းရေး ရရှိရန် စိန်ခေါ်မှုများစွာ ရှိနေပါသည်။ နွေဦး တော်လှန်ရေးကာလအတွင်း စစ်တပ်၊ လူမျိုးရေး ဘာသာရေးအခြေခံ နိုင်ငံရေးပါတီများ၊ အမျိုးသား ရေးအစွန်းရောက်အဖွဲ့များ၏ ပေါင်းစည်းနိုင်မှုမှာ ယခင်ကာလများထက်သာလွန်၍ အားကောင်းလာ ခဲ့ပြီး အနာဂတ်လူ့အဖွဲ့အစည်းအတွက် ပိုမိုကြီးမား စွာ ခြိမ်းခြောက်လာသည့် အန္တရာယ်ပင်ဖြစ်ပါသည်။ တော်လှန်ရေးအောင်မြင်ခြင်းအားဖြင့် ရရှိလာမည့် နိုင်ငံရေး ဩဇာအာဏာအား ကောင်းမွန်စွာ အသုံးချ၍ လူ့အဖွဲ့အစည်းအား ပြန်လည်ထူထောင်နိုင်မည်ဖြစ် သော်လည်း ၎င်းလူ့အဖွဲ့အစည်းအတွင်း တင်ကျန် နေမည့် အစွန်းရောက်အတွေးအခေါ် အယူအဆများ လျော့ပါးပပျောက်စေရန်အတွက် လုပ်ဆောင်ရဦးမည် ဖြစ်ပါသည်။

အချိန်ပိုမိုလိုအပ်သည့် ယဉ်ကျေးမှုနှင့် အတွေးအခေါ်ဆိုင်ရာတော်လှန်ပြောင်းလဲရန်အတွက် လုပ်ငန်းစဉ်များ လိုအပ်သကဲ့သို့ ပိုမိုမြန်ဆန်စွာ လုပ်ဆောင်နိုင်မည့် ဥပဒေဆိုင်ရာလုပ်ငန်းဆောင်တာ များကို လုပ်ဆောင်ရန်လည်း အထူးအရေးကြီးသည် ဟု မိမိတို့ ဉာဏ်လင်းသစ်သုတေသနအဖွဲ့အနေဖြင့် ယူဆပါသည်။ လူမျိုး၊ ဘာသာအပေါ်အခြေခံသည့် မတရားမှုကိုဖြစ်စေသော ဥပဒေများအား ပယ်ဖျက် ခြင်း၊ ကွဲပြားစုံလင်သည့် လူ့အသိုင်းအဝိုင်း၏ တဦး ချင်းလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို အာမခံသောဥပဒေ များပြဋ္ဌာန်းခြင်းတို့ကို အလျင်အမြန်ပြုလုပ်ရန် လိုအပ် ပါသည်။

နွေဦးတော်လှန်ရေးကာလအတွင်း ပေါ် ပေါက်ခဲ့သည့် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ပါ အချက်အလက်များအရ အောက်ပါဥပဒေဆိုင်ရာကိစ္စ ရပ်များကိုသက်ဆိုင်ရာအဖွဲ့အစည်းများ၊ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH), NUCC (အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ–Na-

tional Unity Consultative Council), NUG (National Unity Government) တို့မှ အလျင်အမြန် လုပ်ဆောင်သင့်ပါသည်။

- တော်လှန်ရေးကာလအလွန်တွင် ဘာသာရေးနှင့် မပတ်သက်သည့် နိုင်ငံတော်ထူထောင်မည်ဟူသော သဘောတူချက်ရှိသည်နှင့်အညီ ဗုဒ္ဓဘာသာအား အခြားဘာသာများထက် အလေးထားဆောင်ရွက်ရန် ရည်ရွယ်ရေးသားထားသည့် ၁၉၆၁ ခုနှစ်၊ နိုင်ငံတော်ဘာသာ သာသနာချီးမြှင့်ထောက်ပံ့ရေး အက်ဥပဒေအား အပြီးတိုင်ဖျက်သိမ်းရန်
- ဘာသာရေးအစွန်းရောက်အတွေးအခေါ်အခြေခံဖြင့် ပြဋ္ဌာန်းခဲ့ပြီး မျိုးစောင့်ဥပဒေများဟု ထင်ရှားသည့် တလင်တမယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ၊ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ၊ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေ၊ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေတို့အား အပြီးတိုင်ဖျက်သိမ်းရန်
- ၁၉၈၂ မြန်မာနိုင်ငံသား ဥပဒေအား အပြီးတိုင်ဖျက်သိမ်းရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါ သဘောတူချက်များ၊ နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေး၊ နိုင်ငံရေးအခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီသည့် နိုင်ငံသားဥပဒေအသစ်တခု အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းရန်
- တော်လှန်ရေးအောင်မြင်ပြီးချိန်တွင် ဆက်လက်ကျင့်သုံးမည့် ဥပဒေများအား လူ့အခွင့်အရေးဆိုင်ရာ စံချိန်စံနှုန်းများ၊ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါပြဋ္ဌာန်းချက်များနှင့် ပြန်လည်ချိန်ထိုးသုံးသပ်၍ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း နှင့် ဥပဒေသစ်ပြဋ္ဌာန်းခြင်းတို့ ဆောင်ရွက်ရန်
- အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ သဘောတူစာချုပ် (International Convenant on Economic, Social and Cultural Rights – ICESCR) ကို အကောင်အထည်ဖော်သည့်ဥပဒေများအတည်ပြုပြဋ္ဌာန်းရန်
- အပြည်ပြည်ဆိုင်ရာ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေး သဘောတူစာချုပ် (International Covenant on Civil and Political Rights – ICCPR)ကို လက်မှတ်ရေးထိုးအတည်ပြုနိုင်သည့်နည်းလမ်းရှာဖွေ၍အကောင်အထည်ဖော်သည့် ဥပဒေများ ပြဋ္ဌာန်းရန်
- ရောမပြဋ္ဌာန်းဥပဒေစာချုပ် (Rome Statue) ကို အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရန် နည်းလမ်းရှာဖွေပြီး ပူးပေါင်းဆောင်ရွက်ရေးအတွက် လိုအပ်သည့် အစီအမံများ၊ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရန်
- လူမျိုးရေး၊ ဘာသာရေး၊ လိင်စိတ်ခံယူမှု၊ ဂျန်ဒါ၊ အသားအရောင်၊ ယဉ်ကျေးမှုများကို အခြေပြု၍ ခွဲခြားဆက်ဆံမှုအား ကာကွယ်သည့် ဥပဒေတရပ် တင်သွင်းရန်
- ပဋိပက္ခ၊ အကြမ်းဖက်ခြင်း နှင့် အမုန်းစကားပြန့်ပွားစေရန် ဆောင်ရွက်ခြင်း၊ ပြုလုပ်နေခြင်းတို့ကိုအပြစ်ပေးအရေးယူနိုင်သည့် ဥပဒေတရပ် အဖြစ် အတည်ပြုနိုင်ရေးအတွက် ပြင်ဆင်ရန်

**နိုင်ငံရေးနှင့်ဘာသာရေး**

၁၆။ ဖက်ဒရယ်ပြည်ထောင်စုသည် နိုင်ငံရေးနှင့်ဘာသာရေး ရောယှက်ခြင်းမရှိသော၊ ဘာသာရေးကို အခြေမခံသော နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်။

*ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်၏ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ နိုင်ငံရေးနှင့် ဘာသာရေးအပေါ် အခြေခံမူဝါဒ*

- ခေတ်အဆက်ဆက်က ကျူးလွန်ခဲ့ကြသော လူမျိုးရေး၊ ဘာသာရေး၊ လိင်စိတ်ခံယူမှု၊ ဂျန်ဒါ၊ အသားအရောင်၊ ယဉ်ကျေးမှုများကို အခြေပြုသည့် ခွဲခြားဆက်ဆံမှုနှင့် အမုန်းစကားများကို အရေးယူနိုင်သည့် ဥပဒေတရပ် ရေးဆွဲတင်သွင်းရန်။

တော်လှန်ရေးတွင် ပါဝင်လုပ်ဆောင်နေသည့် အစုအဖွဲ့များနှင့် လူပုဂ္ဂိုလ်တဦးချင်းအနေဖြင့်လည်း အမျိုးသားရေးအစွန်းရောက်လှုပ်ရှားမှုများ၏ ကြီးမားသည့်အန္တရာယ်ကို ဆန့်ကျင်သွားရန် လိုအပ်ပါသည်။ မိမိတို့၏ လုပ်ဆောင်မှုများ၊ သတင်းဖြန့်ဝေခြင်းနှင့် သဘောထားအမြင်တင်ဆက်မှုများစသည့် တော်လှန်ရေးဆိုင်ရာကိစ္စများကို ပါဝင်ဆောင်ရွက်ရာတွင် လူနည်းစုအား ထိခိုက်စေမည့် အမုန်းတရားအခြေခံ၍ ရေးသားပြောဆိုဆောင်ရွက်ခြင်းများကို ရှောင်ကြဉ်ကြရန်လိုအပ်ပါသည်။ မိမိတို့နှင့် နီးစပ်သည့် အသိုင်းအဝိုင်းများ၌ တော်လှန်ရေးကာလအတွင်း လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်ခြင်းများ၊ လူ့အသိုင်းအဝိုင်းကြားသို့ အမုန်းတရားဖြန့်ဝေခြင်း၊ အစွန်းရောက်အတွေးအခေါ်များ ဖြန့်ဝေမှုနှင့် လက်တွေ့အကောင်အထည်ဖော်မှုများအား တားဆီးခြင်း (သို့မဟုတ်) အနိမ့်ဆုံးအဆင့်အနေဖြင့် စနစ်တကျ မှတ်တမ်းတင်ထားရှိပြီး အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဖော်ဆောင်ရာတွင် လိုအပ်သည့် အရေးယူခြင်းများ တပါတည်းဆောင်ရွက်သွားနိုင်ရန်အတွက် ဝိုင်းဝန်းကူညီလုပ်ဆောင်သွားကြရန်လည်း အထူးတိုက်တွန်းလိုပါသည်။

# ရည်ညွှန်းအကိုးအကား


- H. Stanton. (2016). 10 Stages of Genocide. Genocide Watch. Retrieved December 12, 2022, from http://genocidewatch.net/genocide-2/8-stages-of-genocide/
- MFP. (2021, November 18). ဘာသာရေး သွေးထိုးလှုံ့ဆော်သူ ထောင်ထွက် မိုက်ကယ်ကျော်မြင့်နှင့် အပေါင်းအပါအချို့ မန္တလေးတွင် ဆန္ဒပြ. Mandalay Free Press. Retrieved December 12, 2022, from https://www.facebook.com/mandalayfreepress/posts/pfbid02xPNNJ3ZMt-s6UwLJTWwssVx5No8bveHBiyvZhsSQSXzmPMAnGimoW44qFLhrMGaeil
- MFP. (2022, December 11). ရွှေဘိုနယ်က ပြည်သူ့စစ်အမည်ခံ ပျူတွေကို စစ်အုပ်စုက ခိုးရာပါ ပစ္စည်းတွေ ခွဲဝေပေး. Mandalay Free Press. Retrieved December 12, 2022, from https://www.facebook.com/mandalayfreepress/posts/pfbid0VxPXe8APKbwKsMzJ1wf5mDJU65cp-33947dHQdWcKazr3b1Cxd6Hr6Sy7XHaCxZ6yl
- MPA. (2021, August 5). စစ်ကောင်စီကို ထောက်ခံသည့် ၂၈ ပါတီကို ပြည်သူ့ဘုံရန်သူများဟု သတ်မှတ်. Myanmar Pressphoto Agency. Retrieved December 12, 2022, from https://www.facebook.com/mmpressphoto/posts/pfbid027euLoGYSSSj8oZhMdLKoRftC25afe2nnA3B-vZBz3pNDfcrH4s5UZdg9yNexRmnqNl
- Myanmar Now. (2021a, October 25). အာဆီယံအစည်းအဝေးမစမီ တစ်ရက်အလိုတွင် တပ်ထောက်ခံပွဲများပြုလုပ်. Retrieved December 12, 2022, from https://myanmar-now.org/mm/news/8947
- Myanmar Now. (2021b, October 27). ဒေသတချို့တွင် ဖိအားပေး၊ မက်လုံးပေးပြီး တပ်ထောက်ခံပွဲ လုပ်နေ. Retrieved December 12, 2022, from https://myanmar-now.org/mm/news/8978
- Myanmar Now. (2022a, August 29). ဝမ်းတွင်းတွင် စစ်တပ် လူစုဆောင်းမှု မအောင်မြင်သေး. Retrieved December 12, 2022, from https://myanmar-now.org/mm/news/12448
- Myanmar Now. (2022b, November 6). ဘုန်းကြီးများ စီစဉ်သော စစ်သင်တန်းနှင့် ပျူစောထီးအဖွဲ့များ. Retrieved December 12, 2022, from https://myanmar-now.org/mm/news/13127
- Myanmar Now. (2022c, November 7). တံ့တားမြို့နယ်မှ ပျူစောထီးအဖွဲ့ ပစ်ခတ်ခံရ၍ ၃ ဦးသေဆုံး. Retrieved December 12, 2022, from https://myanmar-now.org/mm/news/13131
- Myanmar Now. (2022d, November 12). မကွေးတိုင်းအတွင်း ပစ်ခတ်မှုများတွင် ပျူစောထီး ၁၀ ဦး၊ အရပ်သား ၃ ဦး. Retrieved December 12, 2022, from https://myanmar-now.org/mm/news/13180
- NLAN. (2020, November 26). ရွေးကောက်ပွဲမသမာမှုများကို အဆုံးစွန်ထိတုံ့ပြန်သွားမည်ဟု ပြည်ခိုင်ဖြိုးခြိမ်းခြောက်. Myanmar Now. Retrieved December 12, 2022, from https://myanmar-now.org/mm/news/5109
- One News Myanmar. (2022, February 10). ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အားလုံးတက်ရောက်ပေးရန် နိုင်ငံရေးပါတီ ၂၆ ပါတီ တိုက်တွန်း. One News Myanmar. Retrieved December 12, 2022, from https://www.facebook.com/onenewsmyan/posts/pfbid0ggEMtsz1cxAXJWLLF-

74BRhs5XBj936dNki48npswExhr1QTvC5F2WaJzHqbBupgyl

- RFA. (2022a, February 1). တာချီလိတ် တပ်ထောက်ခံပွဲ ဗုံးပေါက်၊ နှစ်ဦး သေဆုံး. Radio Free Asia. Retrieved December 12, 2022, from https://www.rfa.org/burmese/news/bomb-explosion-in-tachileik-02012022075717.html
- RFA. (2022b, February 2). မုံရွာ တပ်ထောက်ခံပွဲ မိုင်းခွဲခံရ. Radio Free Asia. Retrieved December 12, 2022, from https://www.rfa.org/burmese/news/bomb-explosion-in-moywa-02022022034852.html
- The Irrawaddy. (2021, February 26). ကော်မရှင်နှင့် တွေ့ ဆုံပွဲသို့ နိုင်ငံရေးပါတီ ၅၃ ခု တက်ရောက်. The Irrawaddy - Burmese Edition. Retrieved December 12, 2022, from https://www.facebook.com/theirrawaddyburmese/posts/pfbid0bV8z4tYGGFKVWbk2SQYRqEQdyPPampqrzqkMaCqGh8pgzs3diPtqK4qUCBydgvQSl
- The Irrawaddy. (2022, January 31). မန္တလေးမြို့ စည်ပင်သာယာရေး ကော်မတီ ဦးဆောင်၍ တပ်ထောက်ခံပွဲ ပြုလုပ်. The Irrawaddy - Burmese Edition. Retrieved December 12, 2022, from https://www.facebook.com/theirrawaddyburmese/posts/pfbid02Ub6ppXgk427dDpRUocYAsDAwBXmcQMgNrzGNudaeAQv3MEGvjUsSyoLDPMeun5mEl
- USDP Facebook page. (2021, September 8). နိုင်ငံရေးပါတီ ( ၂၃ ) ပါတီ၏ ပူးတွဲသဘောထား ထုတ်ပြန်ကြေညာချက်. Union Solidarity and Development Party. Retrieved December 12, 2022, from https://www.facebook.com/pyikhinephyomyanmar/posts/pfbid029hwc4BCnN17NnFwrByGpndUhyRWBwanwwXyzx2CMPREWxsYK93DRiThfibTLBfQZl
- ကိုချို. (2022, July 19). နိုင်ကျဉ်း ၄ ဦး ကွပ်မျက်မှုကို ထောက်ခံသည့်ဆန္ဒပြပွဲ စစ်တပ်ဦးဆောင်ပြီး ပြုလုပ်. Myanmar Now. Retrieved December 12, 2022, from https://myanmar-now.org/mm/news/12125
- တင်အောင်ခိုင်တ. (2021, February 25). ရန်ကုန်မှာ တပ်ထောက်ခံသူတွေ တိုက်ခိုက်လို့ တစ်ဦး ဓားထိုးခံရပြီး တချို့ထိခိုက်ဒဏ်ရာရ. Radio Free Asia. Retrieved December 12, 2022, from https://www.rfa.org/burmese/news/army-supporters-attack-02252021053633.html
- ဒီနွေဦး. (2022, January 31). တိတ်ဆိတ်ခြင်းသပိတ်မတိုင်မီ ရခိုင်တွင် စစ်တပ်ထောက်ခံပွဲများ ထပ်မံပြုလုပ်. Myanmar Now. Retrieved December 12, 2022, from https://myanmar-now.org/mm/news/10284
- မင်းမင်း. (2022, May 16). နေပြည်တော်တွင် စစ်တပ်ထောက်ခံသူများ ဗုံးခွဲတိုက်ခိုက်ခံရ. Myanmar Now. Retrieved December 12, 2022, from https://myanmar-now.org/mm/news/11306
- မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂအဖွဲ့မှ ဦးဆောင်ဆန္ဒပြ. (2022, October 15). Facebook. Retrieved December 12, 2022, from https://www.facebook.com/permalink.php?story_fbid=pfbid0WorsBTn6CAXb1o1RVerNP5gQiP5cVMFTGsVeZmNwtJHEE42N3yxHM43iQRKmpLM8l&id=100023939567248
- ရောင်နီ. (2022, September 16). မင်းအောင်လှိုင်ကြိုဆိုပွဲ ကားငှားလိုက်သူများ ငွေမရဖြစ်နေ. Myanmar Now. Retrieved December 12, 2022, from https://myanmar-now.org/mm/news/12646